Protection from Sexual Exploitation and Abuse
PSEA Network Myanmar

# လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းတို့မှ

## အကာအကွယ်ပေးခြင်းဆိုင်ရာ လက်စွဲစာအုပ်

Protection from Sexual Exploitation and Abuse (PSEA) Manual

**Braveheart Foundation**

# မာတိကာ - ၁


၁။ PSEA အခြေခံ မိတ်ဆက် ---------- ၂

၁.၁ PSEA နောက်ခံသမိုင်းကြောင်း ---------- ၃

၁.၂ PSEA လက်စွဲစာအုပ် ---------- ၃

၁.၃ လွှမ်းခြုံမှုနယ်ပယ်အတိုင်းအတာ ---------- ၄

၁.၄ မြန်မာနိုင်ငံ၏ လက်ရှိ PSEA အနေအထား နှင့် အရေးပါမှု ---------- ၅

၁.၅ PSEA အဓိပ္ပါယ်ဖွင့်ဆိုချက်များ ---------- ၆

(က) ဂျန်ဒါ အခြေပြုအကြမ်းဖက်မှု (GBV) ---------- ၆

(ခ) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း ---------- ၇

(ဂ) လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကျင့်မှု ---------- ၇

(ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ---------- ၈

(င) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း (Sexual Exploitation and Abuse – SEA) နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း (Sexual Harassment – SH) တို့၏ ခြားနားချက် ------ ၈

(စ) နစ်နာသူ / ရှင်သန်ကျန်ရစ်သူ ---------- ၉

(ဆ) သက်ဆိုင်ရာဝန်ထမ်းများ ---------- ၉

(ဇ) သတင်းပို့တိုင်ကြားသူ ---------- ၉

၂။ အဖွဲ့အစည်း၏ မူဝါဒ၊ တာဝန်ခံယူမှုများ ---------- ၉

၂.၁ အဖွဲ့အစည်း၏ တာဝန်ယူမှုဆိုင်ရာ ကတိကဝတ် ---------- ၁၀

၂.၁.၁ ခေါင်းဆောင်မှုဆိုင်ရာ နည်းဗျူဟာ ---------- ၁၀

# မာတိကာ - ၂


၂.၂ မူဝါဒနှင့် နိုင်ငံတကာစံနှုန်းများ ---------------------------------------- ၁၀

၂.၂.၁ မူဝါဒ ကြေညာချက် ---------------------------------------- ၁၁

၂.၂.၂ PSEA ဆိုင်ရာ နိုင်ငံတကာစံနှုန်းများ ---------------------------------------- ၁၁

၂.၂.၃ လုပ်ဆောင်မှု စည်းကမ်းသတ်မှတ်ချက် ---------------------------------------- ၁၄

၂.၃ တာဝန်ခွဲဝေမှု နှင့် အခန်းကဏ္ဍများ ---------------------------------------- ၁၅

၂.၃.၁ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်များ ---------------------------------------- ၁၆

၃။ ပြင်ဆင်လုပ်ဆောင်ခြင်း။ (Preparation) ---------------------------------------- ၁၈

၃.၁. SEA ဘေးအန္တရာယ် အကဲဖြတ်ခြင်းနှင့် တားဆီးရေး ---------------------------------------- ၁၈

၃.၁.၁ ရပ်ရွာအတွင်း SEA ဘေးအန္တရာယ် အကဲဖြတ်ခြင်း ---------------------------------------- ၁၈

၃.၁.၂ SEA အန္တရာယ်မြေပုံ ဖန်တီးခြင်း ---------------------------------------- ၂၀

၃.၁.၃ တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများ ---------------------------------------- ၂၀

၃.၂ သင်တန်းပေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် အသိပညာ တိုးတက်မြင့်မားစေခြင်း ---------------------- ၂၂

၃.၂.၁ ဝန်ထမ်းများအတွက် သင်တန်းအစီအစဉ် ---------------------------------------- ၂၂

၃.၂.၂ လူထုနှင့် မိတ်ဖက်အဖွဲ့များအတွက် အသိပညာပေးမြှင့်တင်ခြင်း ---------------------- ၂၃

၃.၃ ရပ်ရွာလူထုပူးပေါင်းပါဝင်မှုနှင့် ဒေသမူပြုခြင်း ---------------------------------------- ၂၅

၃.၃.၁ ဆက်သွယ်ရေး မဟာဗျူဟာ ---------------------------------------- ၂၅

၃.၃.၂ ဒေသခံဘာသာစကား၊ ပိုစတာများနှင့် လက်ကမ်းစာစောင်များဖြင့် အသိပညာပေးခြင်း --------------- ၂၆

၃.၃.၃ ရပ်ရွာလူထု အစည်းအဝေးပွဲများ ၂၇

# မာတိကာ - ၃


၃.၃.၄ ဒေသခံလူထုနှင့်ကိုက်ညီသော နည်းလမ်းများအသုံးပြု၍ ပူးပေါင်းဆောင်ရွက်ခြင်း ------------------- ၂၈

၃.၃.၅ အားလုံးအကျုံးဝင်မှု ------------------- ၂၉

(က) လူနည်းစုသုံး ဒေသခံဘာသာစကားများကို ထည့်သွင်းစဥ်းစားခြင်း ------------------- ၂၉

(ခ) မတူကွဲပြားသော အုပ်စုများအတွက် လိုက်လျောညီထွေဖြစ်စေခြင်း ------------------- ၃၀

(ဂ) ယဥ်ကျေးမှုအရ လိုက်လျောညီထွေဖြစ်စေခြင်း ------------------- ၃၁

၃.၄ အကောင်အထည်ဖော်ရေး အစီအစဥ်နှင့် အရင်းအမြစ်များ ------------------- ၃၁

၃.၄.၁ PSEA လုပ်ဆောင်ရေးအစီအစဥ် ------------------- ၃၂

၃.၄.၂ အကောင်အထည်ဖော်နည်းလမ်းများ ------------------- ၃၂

(က) ရိုးရှင်းသော နည်းလမ်းများ ------------------- ၃၂

(ခ) မသန်စွမ်းသူများအတွက် အထူးနည်းလမ်းများ ------------------- ၃၂

၃.၅. ရပ်ရွာအခြေပြု ဝေဖန်အကြံပြု တုံ့ပြန်ဖြေရှင်းရေး ယန္တရားများ(CFRM) ------------------- ၃၃

၃.၅.၁ CFRM အကောင်အထည်ဖော်ရန် နည်းဥပဒေသများ ------------------- ၃၄

၃.၅.၂ ဝေဖန်အကြံပြု တုံ့ပြန်ဖြေရှင်းရေးစနစ် တည်ဆောက်ရန် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးခြင်း --- ၃၄

၃.၅.၃ တိုင်ကြားရေး လမ်းကြောင်းများ ------------------- ၃၆

၃.၅.၄ တိုင်ကြားချက် ကိုင်တွယ်မှု လုပ်ထုံးလုပ်နည်း ------------------- ၃၈

၃.၆ တုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ------------------- ၄၀

၃.၆.၁ အမှုတွဲ စီမံခန့်ခွဲမှု ------------------- ၄၀

၃.၆.၂ စုံစမ်းစစ်ဆေးမှုများ ------------------- ၄၀

# မာတိကာ - ၄


## ၄။ ညှိနှိုင်းဆောင်ရွက်မှုနှင့် PSEA ကွန်ရက် အားကောင်းစေခြင်း ---------- ၄၁

၄.၁ မိတ်ဖက်ဆက်ဆံရေးနှင့် ကွန်ရက်ချိတ်ဆက်တည်ဆောက်မှု ---------- ၄၁

၄.၁.၁ PSEA ကွန်ရက် ဖွဲ့စည်းတည်ဆောက်ခြင်း ---------- ၄၁

၄.၁.၂ လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများ ---------- ၄၂

၄.၁.၃ PSEA လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းစီးဆင်းမှုပြဇယား ---------- ၄၂

၄.၂ PSEA ကွန်ရက် အခန်းကဏ္ဍများ ---------- ၄၄

၄.၂.၁ ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ---------- ၄၄

၄.၃ PSEA ကွန်ရက်အဖွဲ့များ၏ လုပ်ဆောင်ရန် လမ်းညွှန်ချက်များနှင့် စံပြုလုပ်ငန်းစဉ်များ ---------- ၄၄

၄.၃.၁. PSEA ကွန်ရက် မိတ်ဖက်အဖွဲ့အစည်း၏ လုပ်ဆောင်ရမည့် လမ်းညွှန်ချက်များ ---------- ၄၄

## ၅။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်း (MEL) ---------- ၄၆

၅.၁ ညွှန်းကိန်းများ ---------- ၄၆

၅.၂. အသုံးချကိရိယာများ ---------- ၄၈

၅.၃ ပြန်လည်သုံးသပ်ခြင်း၊ သင်ယူခြင်းနှင့် လိုက်လျောညီထွေမှုပြုခြင်း ---------- ၄၉

၅.၃.၁ ပြန်လည်သုံးသပ်ခြင်း ---------- ၄၉

၅.၃.၂ သင်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲခြင်း ---------- ၄၉

၅.၄ ကိုးကားချက်များ ---------- ၅၀

၅.၅ နောက်ဆက်တွဲ ---------- ၅၁

# အတိုကောက် ဝေါဟာရများ

| | | | |
|---|---|---|---|
| ၀၁ | PSEA | - | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းတို့မှ အကာအကွယ်ပေးခြင်း |
| ၀၂ | SEA | - | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း |
| ၀၃ | GBV | - | ဂျန်ဒါ အခြေပြုအကြမ်းဖက်မှု |
| ၀၄ | SH | - | လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း |
| ၀၅ | Survivor | - | ရှင်သန်ကျန်ရစ်သူ |
| ၀၆ | Beneficiary | - | အကူအညီ လက်ခံရရှိသူ (အကျိုးခံစားသူ) |
| ၀၇ | Whistle-blower | - | သတင်းပို့တိုင်ကြားသူ |
| ၀၈ | Zero-tolerance policy | - | လုံးဝ သည်းမခံသော မူဝါဒ |
| ၀၉ | PSEA Focal Points | - | PSEA တာဝန်ခံပုဂ္ဂိုလ် |
| ၁၀ | UN | - | United Nations ( ကုလသမဂ္ဂအဖွဲ့အစည်း) |
| ၁၁ | IASC | - | ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး အမြဲတမ်း ကော်မတီ |
| ၁၂ | Code of Conduct | - | ကျင့်ဝတ်စည်းကမ်းများ |
| ၁၃ | CFRM | - | အကြံပြုမှု နှင့် တုံ့ပြန်မှုဆိုင်ရာယန္တရား |
| ၁၄ | MEL | - | စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်း |
| ၁၅ | BH | - | Braveheart Foundation / စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်း |

# ၁။ PSEA အခြေခံ မိတ်ဆက်

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းတို့မှ အကာအကွယ်ပေးခြင်း (PSEA) သည် လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီဆောင်ရွက်မှုများတွင် လက်ကိုင်ထားရမည့် အခြေခံလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ကူညီပံ့ပိုးပေးသူဝန်ထမ်းများမှ လုပ်ပိုင်ခွင့်ပါဝါနှင့် ယုံကြည်အားကိုးမှုများကို အသုံးချပြီး အကျိုးခံစားခွင့်ရှိသူ ရပ်ရွာလူထုအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ မဖွယ်မရာပြုကျင့်မှုများနှင့် ထိပါးနှောင့်ယှက်မှုများကို ထိန်းချုပ်တားဆီးရန် မဖြစ်မနေ လုပ်ဆောင်ရပါမည်။

အထက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ် လိုအပ်ချက်အရ အကျိုးအမြတ်တစ်ခုခုနှင့် လဲလှယ်ပြီး လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ ပြုလုပ်ရန်အားထုတ်ခြင်း (သို့မဟုတ်) အကြမ်းဖက်မှုများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ရန်သည် အဖွဲ့အစည်းတိုင်း၏ တာဝန်တစ်ခုဖြစ်လာပါသည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံရှိ လူသားချင်း စာနာထောက်ထားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသော ဒေသခံလူမှုအဖွဲ့အစည်း များနှင့် လူထုအခြေပြုအဖွဲ့များမှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ မဖွယ်မရာ ပြုကျင့်မှုတို့ကို ကာကွယ်တားဆီးရန်နှင့် တုံ့ပြန်ဖြေရှင်းရေးတို့အတွက် မူဝါဒများ၊ လုပ်ထုံးလုပ်နည်း များနှင့် လမ်းညွှန်ချက်များကို ရေးဆွဲဖန်တီးရန် လိုအပ်လာပါသည်။

ထို့အတူ ကွန်ုပ်တို့အဖွဲ့အစည်းများအနေဖြင့် SEA အပေါ် လုံးဝသည်းခံမှုမရှိသော မူဝါဒကို လိုက်နာပြီး အားလုံးအတွက် လုံခြုံပြီး၊ လေးစားမှုရှိသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် မဖြစ် မနေပြုလုပ်ဖန်တီးရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းမှ နှိုးဆော်တိုက်တွန်းထားပါသည်။ ထိုကဲ့သို့သော အဖွဲ့အစည်းယဉ်ကျေးမှုကို ဖော်ဆောင်ရာတွင် ထိရောက် စနစ်ကျစွာ လိုက်ပါ ဆောင်ရွက်နိုင်စေရန်အတွက် ကာကွယ်ရေးနည်းလမ်းများ၊ သတင်းပို့တိုင်ကြားရေးမဟာဗျူ ဟာများ၊ တုံ့ပြန်မှုနည်းလမ်းများနှင့်အတူ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သတင်းပေးပို့ တိုင်ကြားသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ တာဝန်နှင့်အခန်းကဏ္ဍများကို သတ်မှတ် ပြဋ္ဌာန်းပေးခြင်းသည် စတင်လုပ်ဆောင်ရမည့် အခြေခံလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ထို့အတူ ၎င်း PSEA ဆိုင်ရာ လုပ်ငန်းအထောက်အကူပြု လက်စွဲလမ်းညွှန်စာအုပ်ကို အဖွဲ့ အစည်း၏ အကူညီပေးရေးဝန်ထမ်းများအတွက် အသုံးချကိရိယာတစ်ခုအဖြစ် ရေးဆွဲပြုစုခြင်း သည် ဆက်လက်၍ လုပ်ဆောင်ရမည့် အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

ထို့အပြင် ရေရှည်တည်တံ့တိုးတက်စေရန် အသိပညာဖြန့်ဝေပေးခြင်း၊ နားလည်မှုတိုးမြင့် စေခြင်း၊ တာဝန်ခံမှုယန္တရားများမှတစ်ဆင့် ရပ်ရွာလူထုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေခံ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းတို့ကို ပြုလုပ်ရပါမည်။ ကျင့်ဝတ်၊ ဂုဏ်သိက္ခာများကို လေးစားလိုက်နာမှု ရှိစေရန် ပါဝင်ဆောင်ရွက် သူများအား သင်ကြားလေ့ကျင့်ပံ့ပိုးပေးမှု အစီအစဉ်များသည်လည်း PSEA ဆိုင်ရာ ထည့်သွင်း စဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အရေးပါသော မဏ္ဍိုင်တစ်ရပ် ဖြစ်ပါသည်

## ၁.၁ PSEA နောက်ခံသမိုင်းကြောင်း

၂၀၀၂ ခုနှစ်တွင် အနောက်အာဖရိကဒေသ၌ "ရိက္ခာနဲ့ လိင်ကိစ္စ အလဲအလှယ်" ဖြစ်ရပ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းများမှ ဒုက္ခသည်များအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ ပြုလုပ်ခဲ့ကြသည်ဟု အန္တရာယ်ဆန်းစစ်ချက်ပြုလုပ်ခြင်းမှတစ်ဆင့် သိရှိရပြီးနောက် ထိုသို့သော ဖြစ်ရပ်များကို ကာကွယ်နိုင်ရန်အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ လမ်းညွှန်ချက်များ ထုတ်ပြန်ချမှတ်ခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး အမြဲတမ်း ကော်မတီ (IASC) မှ လိုက်နာရန် အခြေခံမူ (၆) ချက်ကို ချမှတ်ခဲ့ပြီး ထိုအခြေခံမူများကို ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

[https://share.google/ymHpILYGmkxrKTuHE](https://share.google/ymHpILYGmkxrKTuHE)

အထက်ပါကြေညာချက်အရ ကုလသမဂ္ဂဝန်ထမ်းများအားလုံးမှ ၎င်းမူများကို လိုက်နာကြရန် တိုက်တွန်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အခြားလူမှုအကျိုးပြုအဖွဲ့အစည်းများ၏ ဝန်ထမ်းများကိုပါ လွှမ်းခြုံပါဝင်လာခဲ့ပါသည်။ ထိုမှစ၍ အလုပ်ချိန်အတွင်းသာမက ရုံးချိန်ပြင်ပ၊ ရုံးပိတ်ရက်နှင့် ခွင့်ရက်များပါ သက်ဆိုင်အကျုံးဝင်လာခဲ့ပါသည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် ထိုအခြေခံမူ ချမှတ်ချက်များသည် မလုံလောက်ကြောင်း ခြုံငုံသိမြင်လာခဲ့ပြီး သီးခြားချဉ်းကပ်မှုများနှင့် လွတ်လပ်သည့် တိုင်တန်းချက်များ လိုအပ်နေသေးကြောင်း သုံးသပ်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၈ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ မီဒီယာများတွင် ထပ်မံ၍ပေါ်ထွက်လာခဲ့သည်။ ဤသည်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားနှောက်ယှက်ထိပါးခံရမှုကိုပါ ထည့်သွင်းစဉ်းစားပြီး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း သက်သေပြခဲ့ပါသည်။ ဤသည်မှစ၍ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုကျင့်မှုတို့မှ တားဆီးကာကွယ်ပေးခြင်းကို စီမံကိန်းလုပ်ငန်းများတွင် ပင်မရေစီးကြောင်းအဖြစ် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန် စတင်ပေါ်ပေါက်လာခဲ့ပါသည်။

## ၁.၂ PSEA လက်စွဲစာအုပ်

PSEA လက်စွဲစာအုပ်ကို ရေးသားပြုစုရခြင်း၏ အဓိက ရည်ရွယ်ချက်ပန်းတိုင်မှာ ဒေသတွင်းရှိ လူမှုအခြေပြု မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကိုယ်ကျင့်သိက္ခာ၊ ဂုဏ်သိက္ခာနှင့် တာဝန်ရှိမှုဆိုင်ရာ အမြင့်ဆုံးစံနှုန်းများကို လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် လမ်းညွှန်မှုအဖြစ် အသုံးပြုရန်ဖြစ်ပါသည်။ သီးသန့် ရည်မှန်းရလဒ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

**(၁) တားဆီးမှုနှင့် လမ်းညွှန်ချက်များအပေါ် အသိပညာတိုးမြှင့်ခြင်း။**

အဖွဲ့အစည်း၏ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့များနှင့် ကူညီထောက်ပံ့ပေးသူများမှ မိမိတို့ထံမှ အကူအညီရယူနေရသူများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်မှုကို တားဆီးနိုင်ရန်အတွက် ရှင်းလင်းတိကျသော ကိုးကားချက်များနှင့်လမ်းညွှန်ချက်များကို နားလည်သဘောပေါက်ပြီး လက်တွေ့အသုံးချရာတွင် အထောက်အကူဖြစ်စေရန်။

**(၂) လုံးဝသည်းမခံသော မူဝါဒတစ်ရပ် တည်ဆောက်ခြင်း။**

အဖွဲ့အစည်း၏ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများအားလုံးသည် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများအပေါ် စည်းမျဥ်းစည်းကမ်းများအရအရေးယူခြင်းနှင့် တာဝန်ယူမှု/တာဝန်ခံမှု စနစ်များကို နားလည်သိရှိပြီး “လုံးဝ သည်းခံမှုမရှိသော မူဝါဒ” ကို လက်တွေ့ကျကျ အသုံးချနိုင်စေရန်။

**(၃) အဖွဲ့အစည်း အခြေခံမူဝါဒများကို တောင့်တင်းခိုင်မာစေခြင်း။**

SEA ဖြစ်ရပ်များကို ထိရောက်စွာတားဆီးခြင်း၊ တိုင်ကြားခြင်းနှင့် တုံ့ပြန်ခြင်းတို့အတွက် မူဝါဒဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ အပါအဝင် အသိပညာပေးခြင်းနှင့် နားလည်မှုတိုးမြှင့်ရေး လှုပ်ရှားဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

## ၁.၃ လွှမ်းခြုံမှုနယ်ပယ်အတိုင်းအတာ

လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းတို့မှ အကာအကွယ်ပေးသော လုပ်ငန်းခွင် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ရည်ရွယ်လျက် PSEA ဆိုင်ရာ ရပ်ရွာလူထု အသိပညာပေး လုပ်ငန်းများ၊ ကာကွယ်တားဆီးရေးနှင့် ကူညီပံ့ပိုးပေးမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤလမ်းညွှန်စာအုပ်ကို မှီငြမ်းကိုးကား အသုံးချနိုင်ရန် ဖြစ်ပါသည်။ ထို့ပြင် Braveheart Foundation (BH) နှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သူများ၊ ကူညီထောက်ပံ့ပေးသူများနှင့် အကျိုးခံစားခွင့်ရှိသူများအားလုံးမှ ၎င်းတို့အဖွဲ့အစည်း၏ စီမံကိန်းနယ်မြေဒေသအတွင်း ကွင်းဆင်းလုပ်ငန်းစဥ်များ၌ လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရည်ရွယ်ပါသည်။

ဤလမ်းညွှန်စာအုပ်တွင် အဖွဲ့အစည်းအနေနှင့် သက်ဆိုင်ရာလုပ်ငန်းဆောင်တာများတွင် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ မဖြစ်ပေါ်စေရန်နှင့် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့အစည်း၏ ဆက်စပ်မူဝါဒများကို အခြေခံထားပြီး ဆောင်ရန်/ရှောင်ရန်များ၊ တာဝန်ယူမှု / တာဝန်ခံမှု၊ မူဝါဒများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရေးဆွဲထားပါသည်။

SEA ဖြစ်ရပ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် လိုက်နာသင့်သော သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ရှိသူများ၏ အခန်းကဏ္ဍများကို လိုက်နာအသုံးချ ဆောင်ရွက်နိုင်ရန် နည်းလမ်းများလည်း ပါဝင်ပါသည်။ SEA ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများ၊ အသိပညာ ပြန့်ပွားရေး၊ ကာကွယ်ရေး၊ သတင်းပို့တိုင်တန်းခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများနှင့် သက်ဆိုင်သူများမှ အတူတကွပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးထားပါသည်။

## ၁.၄. မြန်မာနိုင်ငံ၏ လက်ရှိ PSEA အနေအထားနှင့် အရေးပါမှု။

မြန်မာနိုင်ငံ၏လက်ရှိ PSEA အခြေအနေသည် IASC ၏ SEA ဘေးအန္တရာယ်ခြုံငုံသုံးသပ်မှု ဆိုင်ရာစစ်တမ်း၏ (၂၀၂၆) နိုင်ငံတကာညွှန်းကိန်းများ (SEARO ၂၀၂၆ Global Index) အရ အန္တရာယ်အမြင့်ဆုံးမှ အနိမ့်ဆုံးအထိ စီစဉ်ရာ ၂၀၂၅ ခုနှစ် (December ၂၀၂၅, v၁.၂) တွင်အဆင့်(၉) (Myanmar HNRP Rank-၉)နေရာ၌ ရှိနေပါသည်။ ထိုအချက်သည် မြန်မာနိုင်ငံတွင် SEA ဖြစ်ပွားနိုင်ခြေ မြင့်မားနေကြောင်း သက်သေပြနေပါသည်။ အခြားသော သီးသန့်အညွှန်းကိန်းတစ်ခုဖြစ်သည့် "လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဆောင်ရွက်မှုများတွင် PSEA မူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ကျင့်သုံးမှုမရှိခြင်း" ၌လည်း အဆင့်(၈) (၂၀၂၆ Global Index, Law & Practices) အထိ အားနည်းမှုရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် "PSEA ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အလားအလာနှင့် ပြင်းထန်မှု" သည်လည်း အဆင့် (၆.၇) (၂၀၂၆ Global Index, SEA Risk)တွင် ရှိနေသည် ဖြစ်ရာ PSEA ကို ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း ညွှန်းဆိုပြသနေပါသည်။

https://interagencystandingcommittee.org/psea-searo-index

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ သဘာဝဘေးအန္တရာယ်များ၊ လူမှုရေးနှင့် နိုင်ငံရေး မတည်ငြိမ်မှုများ စသည့် အမျိုးမျိုးသော အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပါသည်။ အချို့ဒေသများတွင် နေရပ်စွန့်ခွာခြင်း၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းများရှိနေပြီး ထိုသို့ ဘေးဒဏ်ခံရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ် လိုအပ်နေပါသည်။

ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့များသည် ဒေသခံလူထုနှင့်ပူးပေါင်းကာ အရေးပေါ်ကူညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့သောဆောင်ရွက်မှုများတွင် အကူအညီပံ့ပိုး ဝန်ဆောင်မှုပေးသူများနှင့် လူထုအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံရမှုများစွာ ပြုလုပ်လာရပြီး လုပ်ပိုင်ခွင့်အာဏာမညီမျှမှုများလည်း ရှိနေပါသည်။ ၎င်းမညီမျှမှု၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် SEA အန္တရာယ်ဖြစ်ပွားနိုင်ခြေ အလားအလာမှာလည်း မြင့်တက်လျက် ရှိနေသည်။ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများတွင် SEA ဖြစ်ပွားနိုင်ခြေ ဘေးအန္တရာယ် ပိုမိုမြင့်မားနေပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုများနှင့် လူမှုစံသတ်မှတ်ချက်များကြောင့် ထိခိုက်ခံရသူများမှ ဖြစ်ရပ်များကို တိုင်ကြားရာတွင် အခက်အခဲများစွာ ရှိနေပါသည်။ ထို့အပြင် SEA ကိစ္စရပ်များ သတင်းပျံ့နှံ့သွားပြီး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ရင်ဆိုင်ကြုံတွေ့ရခြင်းနှင့် သတင်းပေးတိုင်ကြားမှုစနစ်များအပေါ် ယုံကြည်မှုမရှိခြင်းသည်လည်း ကျူးလွန်ခံရသူများ၏ တိုင်ကြားမှုကို ဟန့်တားလျော့နည်းစေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း PSEA ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာစံနှုန်းများကို အခြေခံထားပြီး လုပ်ထုံးလုပ်နည်းများမှာ ဒေသဆိုင်ရာယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူထုဆက်နွယ်မှုပုံစံများကို ထည့်သွင်းစဉ်းစားပြုလုပ်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း၌ လုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် အောက်ဖော်ပြပါအချက်များကို အလေးထားလုပ်ဆောင်ရပါမည်။

- ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ရပ်ရွာလူထုအတွင်း PSEA အကြောင်း နားလည်မှုနှင့် အသိပေးမှုကို ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းများဖြင့် မြှင့်တင်ရန်။
- ဒေသအခြေအနေနှင့်ကိုက်ညီပြီး လုံခြုံစိတ်ချရသည့် တိုင်ကြားမှုစနစ်များကို တည်ဆောက်ရန်။
- လုပ်ငန်းခွင်အတွင်း ကျား/မ တန်းတူညီမျှမှုစနစ်နှင့် ဦးဆောင်မှုကို တိုးမြှင့်ရန်။
- အမျိုးသမီးဦးဆောင်သောအဖွဲ့များနှင့် လူထုကာကွယ်ရေးအဖွဲ့ကွန်ရက်များအားလုံး ပူးပေါင်း၍ ရှင်သန်ကျန်ရစ်သူဗဟိုပြု တုံ့ပြန်ဆောင်ရွက်မှုများနှင့် ညွှန်းပို့လွှဲပြောင်းပေးခြင်းစနစ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အချုပ်အားဖြင့် PSEA မူဝါဒများကို စီမံကိန်းအဆင့်တိုင်းတွင် ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားရေး လုပ်ငန်းများအား လုံခြုံမှုရှိသော ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ လူသားတိုင်း၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကိုလေးစားလိုက်နာပြီး အဖွဲ့အစည်းယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက် ခြင်းသည် အဖွဲ့အစည်းတိုင်း မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါသည်။

## ၁.၅ PSEA အဓိပ္ပါယ်ဖွင့်ဆိုချက်များ

Braveheart Foundation သည် လိင်ပိုင်းဆိုင်ရာ အဓိပ္ပါယ်များကို ဖွင့်ဆိုရာတွင် UN Secretary General's Bulletin ST/SGB/၂၀၀၃/၁၃ ကို အခြေခံထားပြီး လိင်ပိုင်းဆိုင်ရာနှင့်ပက်သက်သော ခက်ဆစ်အဓိပ္ပါယ်များ၏ ကျယ်ပြန့်နက်ရှိုင်းမှုများကိုလည်း နားလည်လက်ခံထားပါသည်။ ဤသို့ အသိအမှတ်ပြုသည့်အားလျော်စွာ အောက်ပါ ဖွင့်ဆိုဖော်ပြထားသော လိင်ပိုင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများမှ လက်ခံအသုံးပြုနေသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် မဆန့်ကျင်သော သဘောသဘာဝအတိုင်း သက်ရောက်မှုရှိစေမည် ဖြစ်ပါသည်။

### (က) ဂျန်ဒါ အခြေပြုအကြမ်းဖက်မှု (GBV)

ဂျန်ဒါအခြေပြု အကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုများကို ခြုံငုံဖော်ပြသည့် အသုံးအနှုန်း (သို့မဟုတ်) ကျား/မ ဆိုင်ရာ ကွဲပြားခြားနားမှုအပေါ်တွင် အမှန်တကယ် (သို့မဟုတ်) လက်ခံထားသည့် သတ်မှတ်ချက်များကြောင့် တစုံတဦးအပေါ်တွင် မတူညီကွဲပြားစွာ အကျိုးသက်ရောက်မှုဖြစ်စေခြင်းကို ဆိုလိုပါသည်။ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရစေခြင်းများအပြင် အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်း၊ အတင်းအကြပ် ဖိအားပေးလုပ်ဆောင်စေခြင်းနှင့် လွတ်လပ်မှုကို ထိခိုက်စေခြင်းတို့လည်း ပါဝင်သည်။

ဂျန်ဒါအခြေပြု လုပ်ဆောင်နိုင်စွမ်း ကွဲပြားမှုအပေါ်အခြေခံ၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အကြမ်းဖက်မှုပုံစံအမျိုးမျိုး ကြုံတွေ့နိုင်သည့်အန္တရာယ်ကို အလေးထားဖော်ပြရန် အသုံးပြုသည့် အသုံးအနှုန်းဖြစ်သော်လည်း ၎င်းတွင် ကျား/မ သီးသန့်အနေဖြင့်သာမဟုတ်ဘဲ အခြားသော လိင်စိတ်ခံယူမှုကွဲပြားသူများအတွက်ပါ ဖော်ပြနိုင်ပါသည်။

မှတ်ချက်။ ။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း၊ လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်မှုများသည် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုအတွင်း အကျုံးဝင်သော အကြမ်းဖက်မှုပုံစံတခုသာ ဖြစ်ပါသည်။

### (ခ) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းဆိုသည်မှာ လိင်ပိုင်းဆိုင်ရာရရှိလိုသည့် ရည်ရွယ်ချက်ဖြင့် တစ်ပါးသူ၏ ထိခိုက်လွယ်သောအခြေအနေ၊ ရာထူးအာဏာ ကွာခြားမှု၊ ယုံကြည်မှု စသည့်အားနည်းချက်များအပေါ်တွင် လိင်ပိုင်းဆိုင်ရာ အကျိုးအမြတ်ရယူခြင်း (သို့မဟုတ်) ထိုသို့ရယူရန် ကြိုးပမ်းခြင်းတို့ကိုဆိုလိုပါသည်။ ၎င်းတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းမှတဆင့် ငွေကြေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကေင်း အမြတ်ထုတ်ခြင်းများလည်း ပါဝင်သည်။

**ဥပမာ ။ ။**

- ဝန်ထမ်းတစ်ဦးမှ အကူအညီရယူနေရသူတစ်ဦးအား အခမဲ့ပေးအပ်သင့်သည့် အကူအညီနှင့် အထောက်အပံ့များကို အခမဲ့ပေးအပ်ခြင်းမပြုဘဲ အကူအညီနှင့်အထောက်အပံ့များအတွက် လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံမှုတစုံတရာပြုရန် တောင်းဆိုခြင်း။
- ဝန်ထမ်းတစ်ဦးမှ ပြည့်တန်ဆာငှားရမ်းခြင်း၊ လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ငွေကြေးနှင့် ဝယ်ယူခြင်း။

### (ဂ) လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း။

လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုခြင်းဆိုသည်မှာ အင်အားသုံး၍ဖြစ်စေ၊ မညီမျှသောအခြေအနေ (သို့မဟုတ်) ဖိအားပေးခြိမ်းခြောက်သော အခြေအနေများအောက်တွင်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝအရ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း (သို့မဟုတ်) ကျူးလွန်ရန် ခြိမ်းခြောက်ခြင်းကို ဆိုလိုပါသည်။

**ဥပမာ ။ ။**

- ဝန်ထမ်းတစ်ဦးမှ စီမံကိန်း၏ အကူအညီရယူနေရသူတစ်ဦးအား အဓမ္မပြု (မုဒိမ်း) ကျင့်ခြင်း (သို့မဟုတ်) ပြုကျင့်ရန် ကြိုးပမ်းခြင်း။
- ဝန်ထမ်းတစ်ဦးမှ (၁၈) နှစ်အောက် အရွယ်မရောက်သေးသော ကလေးသူငယ်များနှင့် လိင်ဆက်ဆံခြင်း။

### (ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုဆိုသည်မှာ မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာတောင်းဆိုမှုများ၊ လိင်ပိုင်းဆိုင်ရာအခွင့်အရေးတောင်းခံမှုများ၊ လိင်အသားပေးပြောဆိုမှု (သို့မဟုတ်) ကိုယ်ထိလက်ရောက်ပြုမူခြင်းများ၊ လိင်အသားပေးအမူအရာ ပြုလုပ်ခြင်းများစသည့် အခြားသူတစ်ဦးအား စိတ်အနှောက်အယှက်ဖြစ်စေရန် (သို့မဟုတ်) အရှက်ရစေရန် ရည်ရွယ်သည်ဟု ယူဆနိုင်သော လိင်အသားပေးအပြုအမူမှန်သမျှကိုဆိုလိုပါသည်။ အထူးသဖြင့် ကူညီကယ်ဆယ်ရေးလုပ်သားအချင်းချင်းကြားတွင် ထိုသို့သောပြုမူဆောင်ရွက်မှုများကြောင့် လုပ်ငန်းခွင်အတွင်း လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်ပါသည်။

**ဥပမာ ။ ။**

- ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်ကို လိင်ပိုင်းဆိုင်ရာ မှတ်ချက်ပြုလုပ်ခြင်း၊
- လိင်ဆက်ဆံမှုပြုခြင်းနှင့်စပ်ယှက်သော (သို့မဟုတ်) လိင်နှင့်ပတ်သက်သည့် မဖွယ်မရာဖြစ်သော (သို့မဟုတ်) ရိုင်းစိုင်းသော စကားများကို ပြောဆိုခြင်း၊
- လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများအား မည်သည့်ပုံစံဖြင့်မဆို ပေးပို့ခြင်း၊
- လိင်ဆက်ဆံရန် တောင်းဆိုခြင်း၊
- မလိုလားအပ်သောထိတွေ့မှုပြုခြင်း

စသည်တို့အပြင် များစွာသော လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု အပြုအမူများစွာ ရှိပါသည်။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအတွင်းရှိ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ထိုသို့အဖွဲ့အစည်းနှင့်စီမံကိန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအကြား ဖြစ်ပေါ်နိုင်ခြေရှိပြီး လုပ်ငန်းခွင်အတွင်းတားမြစ်ထားသော လိင်ပိုင်းဆိုင်ရာ အပြုအမူဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းအတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်သူများအကြား ဖြစ်ပေါ်နိုင်ခြေရှိသော လုပ်ငန်းခွင်အတွင်း တားမြစ်ထားသော လိင်ပိုင်းဆိုင်ရာ အပြုအမူဖြစ်ပါသည်။

### (င) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်၊ မဖွယ်မရာပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတို့၏ ခြားနားချက်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း(SEA)ဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်းတစ်ဦးမှ အကူအညီရယူနေရသူတစ်ဦးဦးအပေါ်ပြုလုပ်သည့် လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်မှုများကို ဆိုလိုပါသည်။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု (SH)သည် လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်းများအကြားဖြစ်ပွားပြီး မလိုလားသော လိင်ပိုင်းဆိုင်ရာ အပြုအမူများ၊ ပြောစကားများ ပါဝင်ပါသည်။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု (SH)သည် SEA အမျိုးအစားအောက်တွင် မပါဝင်ပါ။

### (ဈ) နစ်နာသူ/ ရှင်သန်ကျန်ရစ်သူ။

နစ်နာသူ/ရှင်သန်ကျန်ရစ်သူဆိုသည်မှာ SEA ပြုလုပ်ခံရသူ (သို့မဟုတ်) SEA ပြုလုပ်ရန် ကြိုးပမ်းခံရသူကို ဆိုလိုသည်။ ဤကဲ့သို့ SEA ကျူးလွန်ခံရသူများအတွက် လုံခြုံရေးနှင့် လိုအပ်ချက်များ ချမှတ်ရာတွင် “နစ်နာသူ/ ရှင်သန်ကျန်ရစ်သူ” ဟူ၍ သုံးနှုန်းသတ်မှတ်ပါသည်။

### (ည) သက်ဆိုင်ရာဝန်ထမ်းများ။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း၏ ဝန်ထမ်းများအားလုံး၊ နိုင်ငံတကာနှင့် ဒေသခံ အတိုင်ပင်ခံများ၊ အလုပ်သင်များ၊ စေတနာ့ဝန်ထမ်းများ၊ အဖွဲ့အစည်းနှင့် တစ်ဦးချင်း (သို့မဟုတ်) မိတ်ဖက်အဖြစ်ချုပ်ဆိုထားသောသူများအပြင် ဆက်စပ်ပတ်သက်နေသူများအပါအဝင် မိမိအဖွဲ့အစည်းနှင့် လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုသဘောတူ စာချုပ်ချုပ်ဆိုထားသောအဖွဲ့များ၊ မိတ်ဖက်အဖြစ် ချုပ်ဆိုထားသော ၎င်းတို့၏ဝန်ထမ်းများလည်း ပါဝင်ပါသည်။

### (ဋ) သတင်းပို့တိုင်ကြားသူ။

SEA မူဝါဒအရ သတင်းပို့တိုင်ကြားသူ (whistleblower) သည် တိုင်ကြားသူ အမျိုးအစား တစ်ခုဖြစ်ပြီး၊ SEA ခံရသူကိုယ်တိုင်က မဟုတ်ဘဲ လူသားချင်းစာနာမှုဝန်ထမ်း/အကူအညီပေးနေသူတစ်ဦးမှ SEA အမှုကိစ္စကို (သို့မဟုတ်) သံသယဖြစ်ဖွယ်တစ်ခုခုကို ထုတ်ဖော်သတင်းပေးခြင်းမျိုးဖြစ်သည်။ အဖွဲ့အစည်း၏ ထုတ်ဖော်ပြောဆိုခွင့် (Whistleblowing) မူဝါဒသည် ဝန်ထမ်းများအား သံသယဖြစ်ဖွယ်အပြုအမူများ (သို့မဟုတ်) တားမြစ်ထားသော အပြုအမူများကို တာဝန်ရှိသူများထံ တိုင်ကြားနိုင်ရန် နှိုးဆော်ဖန်တီးပေးထားပြီး သတင်းပို့တိုင်ကြားသူအား အပြန်အလှန် အပြစ်တင်ခြင်းမှ ကာကွယ်ပေးရန် ရည်ရွယ်သည်။

## ၂။ အဖွဲ့အစည်း၏ မူဝါဒ ၊ တာဝန်ခံယူမှုများ

ဤအပိုင်းတွင် PSEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုကျင့်မှုတို့မှ အကာအကွယ်ပေးခြင်း) ဆိုင်ရာ ကတိကဝတ်များကို အဖွဲ့အစည်းမှ ထိရောက်စွာ စီမံခန့်ခွဲပြီး စောင့်ကြည့်လိုက်နာနိုင်စေရန် အခြေခံစနစ်များကို ဖော်ပြထားပါသည်။ ထို့ပြင် သက်ဆိုင်ရာ မူဝါဒများနှင့် လိုက်နာဆောင်ရွက်ရမည့် စနစ်များကို တာဝန်ရှိသူများမှ ဦးဆောင်ညှိနှိုင်း လုပ်ဆောင်ပြီး ကျင့်ဝတ်အပြုအမူများနှင့် လုံခြုံမှုစံနှုန်းများကို အဖွဲ့အစည်း၏ လုပ်ငန်းအားလုံးတွင် ထည့်သွင်းပြီး ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် သတ်မှတ်ထားပါသည်။

## ၂.၁ အဖွဲ့အစည်း၏ တာဝန်ယူမှုဆိုင်ရာ ကတိကဝတ်

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း (SEA) ကို တားဆီးကာကွယ်ခြင်းသည် အဖွဲ့အစည်း၏ တိကျခိုင်မာသော တာဝန်ယူမှုကို ပြသခြင်းဖြစ်ပါသည်။ ၎င်းတွင် မူဝါဒများ ရေးဆွဲထားခြင်း၊ အရင်းအမြစ်များအား ခွဲဝေဆောင်ရွက်ခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတိုင်း၏ ဂုဏ်သိက္ခာဆိုင်ရာတန်ဖိုးထားမှုများ (လုံခြုံရေး၊ ကျင့်ဝတ်၊ ပွင့်လင်းမှု၊ လေးစားမှု) အပေါ် အခြေခံသောယဉ်ကျေးမှုကို မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

### ၂.၁.၁ ခေါင်းဆောင်မှုဆိုင်ရာ နည်းဗျူဟာ

အဖွဲ့အစည်း၏ အကြီးတန်းစီမံခန့်ခွဲမှုတွင် ပါဝင်သူများသည် ရည်မှန်းချက်အခြေပြု PSEA ဆိုင်ရာဗျူဟာ သတ်မှတ်ချက်များကို လုပ်ငန်းအဆင့်အားလုံးတွင် ပါဝင်လာအောင် ပေါင်းစပ်ထည့်သွင်းမှုကို ပြုလုပ်ထားရပါမည်။ ထို့အပြင် တာဝန်ယူမှု/တာဝန်ခံမှုဆိုင်ရာစနစ်များတွင် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့်ခြင်း၊ လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းအားဖြင့် အဆင့်မြှင့်တင် တိုးတက်မှုရှိအောင် ပံ့ပိုးပေးရပါမည်။

## ၂.၂ မူဝါဒနှင့် နိုင်ငံတကာစံနှုန်းများ

ဤအပိုင်းတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း (SEA) ကို တားဆီးခြင်းနှင့် တုံ့ပြန်မှုဆိုင်ရာ အဖွဲ့အစည်း၏ လုပ်ဆောင်မှုများအား ဦးတည်ပေးသော မူဝါဒများနှင့် စံနှုန်းများကို သတ်မှတ်ဖော်ပြထားသည်။ ဤအခြေခံစနစ်များသည် ဝန်ထမ်းအားလုံး၊ မိတ်ဖက်များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်း၏ လူမှုကျင့်ဝတ်နှင့် တန်ဖိုးများ၊ လုံခြုံရေးဆိုင်ရာ ကတိကဝတ်များနှင့်ကိုက်ညီစွာ လုပ်ဆောင်နိုင်ရန် အထောက်အပံ့ပေးပါသည်။

## ၂.၂.၁ မူဝါဒ ကြေညာချက်။

အဖွဲ့အစည်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း (SEA) ၏ ပုံစံအမျိုးအစား အားလုံးအတွက် လုံးဝသည်းခံမှုမရှိသော "zero-tolerance" မူဝါဒကို ထိန်းသိမ်းထားရပါမည်။ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဤကတိကဝတ်အပေါ် မဖြစ်မနေလိုက်နာစောင့်ထိန်းရန် လိုအပ်ပြီး ရိုးသား ဖြောင့်မတ်မှု၊ ပညာရပ်ကျွမ်းကျင်မှုနှင့် အခြားသူများအပေါ် လေးစားမှုတို့ဖြင့် အမြင့်ဆုံးစံနှုန်းများကို လိုက်နာရမည် ဖြစ်သည်။

အဖွဲ့အစည်း၏ တာဝန်ယူမှုများမှာ –

- အသိပညာမြှင့်တင်ခြင်း၊ သင်တန်းပေးခြင်းနှင့် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများဖြင့် SEA ကို တားဆီးကာကွယ်ခြင်း။
- SEA စွပ်စွဲချက်များအားလုံးကို တရားမျှတမှု၊ လျှို့ဝှက်မှုနှင့် သက်သေများအပေါ် အခြေခံ၍ အလျင်အမြန်တုံ့ပြန်ခြင်း။
- SEA ကို တားဆီးခြင်းနှင့် တုံ့ပြန်မှုလုပ်ငန်းစဉ် အဆင့်တိုင်းတွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို သေချာစေခြင်းတို့ ဖြစ်ပါသည်။

## ၂.၂.၂ PSEA ဆိုင်ရာ နိုင်ငံတကာစံနှုန်းများ။

**(က) ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက်** (ST/SGB/2003/13)

| စဉ် | ခေါင်းစဉ် | ဖော်ပြချက် |
|---|---|---|
| ၁။ | အကြောင်းအရာ | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှ ကာကွယ်ရေးအတွက် အထူးအစီအမံများ။ |
| ၂။ | ထုတ်ပြန်သူ | ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ၊ ၂၀၀၃ ခုနှစ် |
| ၃။ | မူဝါဒအမျိုးအစား | "လုံးဝသည်းမခံရေး မူဝါဒ" |
| ၄။ | အဓိက ပြဋ္ဌာန်းချက်များ | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းသည် လေးနက်သောပြစ်မှုများဖြစ်ပြီး အလုပ်ရပ်ဆိုင်းခြင်း အပါအဝင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ၏ အကြောင်းရင်းဖြစ်သည်။ |

## (ခ) IASC ၏ အခြေခံမူ သဘောတရား (၆) ချက် နှင့် ကျင့်ဝတ်အပြုအမူများ။

IASC အခြေခံမူ (၆) ချက်သည် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်သူအားလုံးမှ လိုက်နာကျင့်သုံးရမည့်စံနှုန်းကို တည်ထောင်ပေးသည်။ ၎င်းတို့ကို ကုလသမဂ္ဂ အေဂျင်စီများ၊ INGO များနှင့် NGO များက အမြင့်ဆုံး ကျင့်ဝတ်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကတိကဝတ် စံနှုန်းများကို ထိန်းသိမ်းရန် ထောက်ခံထားသည်။

**အခြေခံမူ (၁)။ ။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်သော အပြုအမူများနှင့် အလွဲသုံးစားမှုများကို လုံးဝသည်းမခံသော မူဝါဒ။**

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုကျင့်မှုတို့သည် လုံးဝလက်ခံနိုင်ဖွယ်မရှိသော ကျင့်ဝတ်ဖောက်ဖျက်မှုများဖြစ်ပြီး၊ အလုပ်တာဝန်မှ ရပ်စဲခြင်းခံရသည်အထိ အရေးယူခြင်းခံရမည်။

**အခြေခံမူ (၂)။ ။ ကလေးသူငယ်များနှင့် လိင်ဆက်ဆံခြင်းလုံးဝမပြုလုပ်ရ။**

အများက လက်ခံခွင့်ပြုထားသည့် အသက်အရွယ် (သို့မဟုတ်) ကလေးငယ်နေထိုင်သည့် ဒေသတွင် သဘောတူလက်ခံထားသည့် အသက်အရွယ်ရှိသော အခြေအနေမျိုးတွင်ပင် ၎င်းကိုထည့်သွင်းမစဥ်းစားဘဲ၊ ကလေးငယ်များ (အသက် ၁၈ မပြည့်သေးသူများ) နှင့် လိင်ပိုင်းဆိုင်ရာကိစ္စများအား တားမြစ်သည်။ ကလေးငယ်၏ အသက်ကိုခန့်မှန်းရာတွင် မှားယွင်းသွားသည်ဟူသော ချေပချက်ကို လက်ခံမည်မဟုတ်ပါ။

**အခြေခံမူ (၃)။ ။ အကူအညီနှင့် ဝန်ဆောင်မှုများအား လိင်မှုကိစ္စဖြင့် လဲလှယ်ခြင်းမပြုရ။**

လိင်ဆက်ဆံရန်အတွက် အခွင့်အရေးတောင်းခံခြင်း (သို့မဟုတ်) နှိမ့်ချသော၊ သိမ်ငယ်စေသော၊ အလွဲသုံးစားပြုသော အမူအကျင့်များ အပါအဝင် လိင်ဆက်ဆံရန်အတွက် ငွေကြေး၊ အလုပ်အကိုင်၊ အခွင့်အရေးနှင့် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများနှင့် လဲလှယ်ခြင်းကို တားမြစ်သည်။ ထိုအထဲတွင် အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ကူညီမှုများကို အသုံးချ၍ လိင်မှုကိစ္စအလဲအလှယ်ပြုလုပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။

**အခြေခံမူ(၄)။ ။ အကျိုးခံစားခွင့်ရှိသူများနှင့် လိင်ကိစ္စဆောင်ရွက်ခြင်းမရှိစေရ။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ၊ အကာအကွယ်ပေးသူနှင့် ထိုအကူအညီ၊ အကာအကွယ်အားရယူသူများကြားတွင် ရာထူးအဆင့် (သို့မဟုတ်) ရာထူးအာဏာကို လွဲမှားစွာအသုံးပြု၍ မည်သည့်လိင်ပိုင်းဆိုင်ရာပတ်သက်ဆက်နွယ်မှုမှန်သမျှ (လုံးဝ) တားမြစ်ထားသည်။ အကြောင်းမှာ ယင်းသို့သော ပတ်သက်ဆက်နွယ်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် ယုံကြည်ကိုးစားမှု၊ ထိုအကူအညီ၏ သမာသမတ်ရှိမှုတို့အပေါ် အများက အထင်အမြင်သေးနိုင်သောကြောင့် ဖြစ်သည်။

**အခြေခံမူ (၅)။ ။ မပျက်မကွက် သတင်းပေးပို့ရမည်။**

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏အဖွဲ့အစည်းမှ (သို့မဟုတ်) အခြားအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးဦးသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကျင့်မှုကို ကျူးလွန်နေသည်ဟု စိုးရိမ်မှု (သို့မဟုတ်) သံသယရှိလာပါက အဆိုပါဝန်ထမ်းသည် မိမိစိုးရိမ်မှုနှင့် စပ်လျဥ်းပြီး အဖွဲ့အစည်းအတွင်း သတ်မှတ်ထားရှိပြီးဖြစ်သည့် သတင်းပို့တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်ကြားရမည်။

**အခြေခံမှု (၆)။ ။ မဖြစ်မနေတားဆီးကာကွယ်ရမည်။**

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းတို့ကို တားဆီးသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်နှင့် ထိုပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး၊ ၎င်းတို့လိုက်နာရမည့် စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်လည်း တာဝန်ရှိသည်။ အဆင့်အသီးသီးရှိ စီမံခန့်ခွဲသူများသည် ထိုသို့သော ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည့် နည်းစနစ်များကို အားပေးထောက်ပံ့ရန်နှင့် ဖွံ့ဖြိုးလာရေးဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

**(ဂ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကစံနှုန်းများ။**

အရည်အသွေးနှင့်တာဝန်ခံမှုဆိုင်ရာ လူသားချင်းစာနာမှု အဓိကစံနှုန်းများ(CHS)သည် ထိခိုက်ခံစားရသော အသိုင်းအဝိုင်းများအပေါ် တာဝန်ခံမှုရှိစေရန် ကမ္ဘာလုံးဆိုင်ရာမူဘောင် ကတိကဝတ် စံနှုန်း(၉)ခုကို ချမှတ်ထားပါသည်။ ဤစံနှုန်းများအနက်မှ PSEA ဆိုင်ရာ ဆက်စပ်ပတ်သက်သော ကတိကဝတ်များမှာ --

ကတိကဝတ် ၅။ ။ ဘေးဒဏ်ခံရသော အသိုင်းအဝိုင်းများနှင့် လူထုသည် တိုင်ကြားမှုများကို ကိုင်တွယ်ရန် ဘေးကင်းပြီး တုံ့ပြန်နိုင်သော ယန္တရားများကို အသုံးပြုခွင့် ရှိရမည်။

ကတိကဝတ် ၈။ ။ ဝန်ထမ်းများသည် ၎င်းတို့၏လုပ်ငန်းကို ထိရောက်စွာလုပ်ဆောင်နိုင်ရန် ပံ့ပိုးမှုရရှိပြီး တရားမျှတစွာ ဆက်ဆံခံရစေခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှကာကွယ်ရေးကို သေချာစေရပါမည်။

CHS ကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းများသည် အသက်ရှင်ကျန်ရစ်သူအား ဗဟိုပြုဆောင်ရွက်ပြီး အားလုံးပါဝင်သော အသိုင်းအဝိုင်းကွန်ရက်များ၊ အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအတွက် လက်လှမ်းမီမှုရှိသော တိုင်ကြားမှုနှင့် တုံ့ပြန်မှုယန္တရားများကို သေချာစေရမည်။

**(ဃ) ကုလသမဂ္ဂ နစ်နာသူ/ရှင်သန်ကျန်ရစ်သူ အခွင့်အရေး မူဘောင် (၂၀၂၁)**

နစ်နာသူ/ရှင်သန်ကျန်ရစ်သူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ဦးစားပေးရမည့်အချက်ကို အသိအမှတ်ပြုထားသည့် ကုလသမဂ္ဂ၏ နစ်နာသူ/ရှင်သန်ကျန်ရစ်သူဆိုင်ရာ အခွင့်အရေးမူဘောင်သည် PSEA လုပ်ဆောင်ချက်အားလုံးတွင် နစ်နာသူ/ ရှင်သန်ကျန်ရစ်သူဗဟိုပြု ချဉ်းကပ်မှုကို မြှင့်တင်ပေးသည်။

| စဉ် | ခေါင်းစဉ် | ဖော်ပြချက် |
|---|---|---|
| ၁။ | အဓိကမူများ | ဂုဏ်သိက္ခာနှင့် လေးစားမှု။ / ဝန်ဆောင်မှုများ အသုံးပြုခွင့်။ နစ်နာသူ / ရှင်သန်ကျန်ရစ်သူများကို ကရုဏာနှင့် တရားမျှတမှုဖြင့် ဆက်ဆံရမည်။ |
| ၂။ | ပါဝင်မှု | နစ်နာသူ/ရှင်သန်ကျန်ရစ်သူများသည် မိမိတို့ရရှိမည့် အကူအညီ၊ ပံ့ပိုးမှုများနှင့် ပတ်သက်၍ အချက်အလက်များကို ကောင်းမွန်ပြည့်စုံစွာ ရရှိပြီး ကိုယ်တိုင်ဆုံးဖြတ်ချက်ချပိုင်ခွင့် ရရှိရမည်။ |
| ၃။ | အချက်အလက် | နစ်နာသူ/ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့ကိစ္စများ၏ တိုးတက်မှုနှင့် ရလဒ်များ၏ အသိပေးချက်ကို လက်ခံရရှိရမည်။ |
| ၄။ | အဓိက ထည့်သွင်း စဉ်းစားမှု | PSEA လုပ်ငန်းစဉ်အားလုံးတွင် နစ်နာသူ/ရှင်သန်ကျန်ရစ်သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ကို အဓိက အလေးပေးသည်။ |

## ၂.၂.၃ လုပ်ဆောင်မှု စည်းကမ်းသတ်မှတ်ချက်။

အဖွဲ့အစည်း၏ ဝန်ထမ်းအားလုံးနှင့် ကိုယ်စားလှယ်များသည် အဖွဲ့အစည်း၏ လုပ်ဆောင်မှု စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး၊ ၎င်းတွင် ကျင့်ဝတ်အပြုအမူများကို ဖော်ပြထားသည့်အပြင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းနှင့် အခြားသူများအား ထိပါးနှောင့်ယှက်ခြင်းတို့ကို အထူးသဖြင့် တားမြစ်ထားပါသည်။

အဓိက စည်းကမ်းသတ်မှတ်ချက်များမှာ –

- လူတိုင်းအား ဂုဏ်သိက္ခာရှိစွာ လေးစားမှုဖြင့် ဆက်ဆံခြင်း။
- အကျိုးခံစားခွင့်ရရှိသူများ၊ ဒေသခံလူထုများနှင့် အတူလက်တွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပညာရှင်ဆန်စွာ ပြုမူဆောင်ရွက်ခြင်း။
- SEA ဖြစ်စဉ် (သို့မဟုတ်) သံသယရှိသောအခြေအနေများကို သတ်မှတ်ထားသော လမ်းကြောင်းများမှတစ်ဆင့် ချက်ချင်း တင်ပြခြင်း။
- အခြားသူများကို ထိခိုက်စေနိုင်သော (သို့မဟုတ်) အမြတ်ထုတ်ယူနိုင်သော အပြုအမူများကို ရှောင်ကြဉ်ခြင်း။

### (က) PSEA ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုမူဝါဒ အခြေခံချက်များ။

က။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှ ကာကွယ်ခြင်းဆိုင်ရာမူဝါဒ။

ခ။ ကျင့်ဝတ်စည်းကမ်း (Code of Conduct)

ဂ။ အကြံပြုမှုနှင့် တုံ့ပြန်မှုဆိုင်ရာယန္တရား (Feedback and Response Mechanism)

ဃ။ အချက်ပေးတိုင်ကြားမှု မူဝါဒ (Whistleblowing Policy)

### (ခ) အနည်းဆုံးလိုအပ်ချက်များ။

PSEA စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အဖွဲ့အစည်းသည် –

- ဝန်ထမ်းများ၊ ထောက်ပံ့သူများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် ပုံမှန် PSEA သင်တန်းပေးခြင်း။
- ဝန်ထမ်းအားလုံးမှ PSEA မူဝါဒနှင့် စည်းကမ်းသတ်မှတ်ချက်အပေါ် လက်မှတ်ရေးထိုး သက်သေခံခြင်း။
- စီမံကိန်းများတွင် လုံခြုံရေးအတွက် အရေးကြီးသော စည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း။
- ဝန်ထမ်းများနှင့်အကျိုးခံစားခွင့်ရှိသူများအတွက် လွယ်ကူစွာ အသုံးပြုနိုင်သော တိုင်ကြားရေးနှင့် တုံ့ပြန်ရေး စနစ်များ ဖော်ဆောင်ခြင်း။

### (ဂ) မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ် နှင့် တာဝန်ဝတ္တရားများ။

အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့များ၊ လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် PSEA မူဝါဒ၏ လုပ်ဆောင်မှု စည်းကမ်းသတ်မှတ်ချက်များကို နားလည်သဘောပေါက်လက်ခံ၍ စာချုပ်ချုပ်ဆိုပြီးမှသာ ဆက်လက်ပူးပေါင်း လက်တွဲလုပ်ဆောင်ရမည်။

ထောက်ပံ့ဝန်ဆောင်မှု လုပ်ဆောင်သူများသည် အဖွဲ့အစည်း၏ PSEA မူဝါဒနှင့် လုပ်ဆောင်မှု စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရမည် ဖြစ်သည်။၎င်းတို့၏ တာဝန်များမှာ –

- မိမိတို့၏ အဖွဲ့အစည်းအတွင်း ချမှတ်ထားသော PSEA မူဝါဒများကို အသုံးပြုခြင်း။
- ဝန်ထမ်းများအတွက် SEA တားဆီးမှုနှင့် တုံ့ပြန်မှုဆိုင်ရာ သင်တန်းများပေးခြင်း။
- SEA စွပ်စွဲချက်များနှင့်ပတ်သက်သည့် စုံစမ်းမှုများတွင် လုံးဝပူးပေါင်း ဆောင်ရွက်ခြင်း။
- စီမံကိန်းလုပ်ဆောင်မှုများတွင် ဝန်ထမ်းများသည် အဖွဲ့အစည်းမှ သတ်မှတ်ထားသော ဘေးကင်းလုံခြုံရေးစံနှုန်း များနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်း။

## ၂.၃ တာဝန်ခွဲဝေမှုနှင့် အခန်းကဏ္ဍများ။

အဖွဲ့အစည်း၏ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပါဝင်သူအားလုံးသည် PSEA လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသော တာဝန်များကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤသို့အားဖြင့် ခေါင်းဆောင် မှစ၍ ကွင်းဆင်းဝန်ထမ်းများအထိ ၎င်းတို့၏ တာဝန်များနှင့် ဝတ္တရားများကို သေချာစွာ နားလည်သဘောပေါက်ပြီး SEA ဖြစ်စဉ်များကို ထိရောက်စွာ တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းတို့ကို လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

## ၂.၃.၁. သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်များ။

| စဉ် | ခေါင်းစဉ် | ဖော်ပြချက် |
|---|---|---|
| ၁။ | အမှုဆောင် ဦးစီး ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ (Executive Director) နှင့် အကြီးတန်း စီမံခန့်ခွဲမှု အဖွဲ့ဝင်များ | • အဖွဲ့အစည်း၏ PSEA မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြု ချမှတ်ခြင်း၊ လိုက်နာမှုကို စောင့်ကြည့်ခြင်း။<br>• PSEA သတ်မှတ်ချက်များကို အဖွဲ့အစည်းအဆင့်အားလုံးတွင် ပေါင်းစပ် ထည့်သွင်းနိုင်အောင် ဦးဆောင်ခြင်း။<br>• တာဝန်ရှိမှုနှင့် ကျင့်ဝတ်စည်းကမ်းကို ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သော အရင်းအမြစ်များ ထောက်ပံ့ခြင်း။ |
| ၂။ | လူ့စွမ်းအား အရင်းအမြစ်ဌာန (HR Department) | • ဝန်ထမ်းခန့်ထားမှုနှင့် လုပ်ငန်းခွင်အပြုအမူများတွင် PSEA စည်းမျဉ်းများကို လိုက်နာစေရန် အကောင်အထည်ဖော်ခြင်း။<br>• ဝန်ထမ်းများအတွက် PSEA သင်တန်းများနှင့် အသိပညာ မြှင့်တင်ရေး လုပ်ဆောင်မှုများ ပြုလုပ်ခြင်း။<br>• ဝန်ထမ်းနှင့်ပတ်သက်သော ခံစားခွင့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ စွမ်းဆောင်ရည်အကဲဖြတ်ခြင်း၊ ပြစ်မှုပြစ်ဒဏ်များ သတ်မှတ်ခြင်း၊ ရာထူးမှရပ်ဆိုင်းခြင်း၊ တရားမျှတမှုရှိစေရေးနှင့် စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စီမံခန့်ခွဲခြင်း။ |
| ၃။ | ပရိုဂရမ်မန်နေဂျာ (Program Manager) | • လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် PSEA ဆိုင်ရာ စံနှုန်းများ လိုက်နာစေခြင်း။<br>• လိုက်နာမှုအခြေအနေများကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံစာများ တင်ပြခြင်း။<br>• ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် အကျိုးခံစားခွင့်ရှိသူများအတွက် လုံခြုံမှုနှင့် ဂုဏ်သိက္ခာကို ဦးစားပေးသော လုပ်ဆောင်မှုများ ဦးဆောင်ခြင်း။ |

## ၂.၃.၁. သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်များ။

| စဥ် | ခေါင်းစဥ် | ဖော်ပြချက် |
|---|---|---|
| ၄။ | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း ကာကွယ်ရေး တာဝန်ခံပုဂ္ဂိုလ် (PSEA Focal Points) | • လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း ကာကွယ်ရေးမူဝါဒကို အကောင်ထည်ဖော်ရန်နှင့် ကြိုတင်ကာကွယ်ခြင်း၊<br>• PSEA နှင့် ပတ်သက်၍ အသိပညာများ၊ လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကို ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်ခြင်း။<br>• တာဝန်ခံပုဂ္ဂိုလ်မှ ဝန်ထမ်းများနှင့် သက်ဆိုင်သူ အားလုံးတို့အား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာ ကာကွယ်ရေး အကြောင်းအရာများကို မဖြစ်မနေသိရှိရန်အတွက် ပုံမှန်သင်ကြားပို့ချ ရန်နှင့် စဥ်ဆက်မပြတ် အသိပညာမြှင့်တင်ပေး ရန်။<br>• အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများအား မွမ်းမံသင်တန်းပေးခြင်း များကို ပြုလုပ်ပေးခြင်း။<br>• SEA ဆိုင်ရာ တိုင်ကြားမှုများကို သက်ဆိုင်ရာဌာနသို့ လုံခြုံစွာ ပေးပို့ခြင်း။ |
| ၅။ | ဝန်ထမ်းများ (Every Staff) | • လိုက်နာရမည့် PSEA စည်းမျဥ်းများနှင့် သတ်မှတ်ချက်များကို နားလည်ခြင်းနှင့် လိုက်နာခြင်း။<br>• SEA ဖြစ်စဥ်များကိုတွေ့ရှိပါက တာဝန်ရှိသူထံချက်ချင်း သတင်း ပေးပို့ခြင်း။<br>• ဘဝတစ်သက်တာလုံး နာမည်ပျက်မကျန်ရအောင် ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး မိမိတာဝန်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။ |

# ၃။ ပြင်ဆင်လုပ်ဆောင်ခြင်း (Preparation)။

ဤအခန်းတွင် အဖွဲ့အစည်းအနေဖြင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုကျင့်မှု (SEA) ကို ထိရောက်စွာ တားဆီးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ပြုလုပ်ရမည့် ကနဦးအဆင့် လုပ်ငန်းများကို ဖော်ပြထားပါသည်။ ၎င်းတွင် SEA ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို ခန့်မှန်းသုံးသပ်ခြင်း၊ တားဆီးရေးစီမံချက်များ ထုတ်ပြန် တင်ပြခြင်းနှင့် ဝန်ထမ်းများအတွက် သင်တန်းပေးခြင်း၊ စွမ်းဆောင်ရည် တိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ပါဝင်ပါသည်။

## ၃.၁. SEA ဘေးအန္တရာယ် အကဲဖြတ်ခြင်းနှင့် တားဆီးရေး။

အဖွဲ့အစည်းသည် SEA ကို တားဆီးကာကွယ်ရန်အတွက် အဓိကအချက်မှာ ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို ကြိုတင်နားလည်သိမြင်ခြင်း ဖြစ်ပါသည်။ ပုံမှန် SEA ဘေးအန္တရာယ် အကဲဖြတ်ခြင်းများ ပြုလုပ်ခြင်းအားဖြင့် SEA ဖြစ်နိုင်ခြေအလားအလာရှိသည့် အနေအထားများ၊ လုပ်ငန်းဧရိယာများနှင့် လုပ်ဆောင်မှုလမ်းကြောင်းများကို ရှာဖွေနိုင်ပြီး ၎င်းတို့အပေါ် အခြေခံ၍ တားဆီးရေးဆောင်ရွက်ချက်များကို ဖန်တီးနိုင်ပါသည်။

### ၃.၁.၁ ရပ်ရွာအတွင်း SEA ဘေးအန္တရာယ် အကဲဖြတ်ခြင်း။

အဖွဲ့အစည်းမှ ဝင်ရောက်ဆောင်ရွက်နေသော ရပ်ရွာလူထုအတွင်း SEA ဘေးအန္တရာယ် အလားအလာ အနေအထားအား အကဲဖြတ်သုံးသပ်မှုကို ဦးစွာပြုလုပ်ထားရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်မှသာ ရပ်ရွာလူထုအတွင်း မည်ကဲ့သို့ ထည့်သွင်းဆောင်ရွက်သင့်သည်ဆိုသည့် အထောက်အကူပြု အခြေခံနည်းလမ်းများကို ရရှိမည်ဖြစ်ပါသည်။
ရပ်ရွာလူထုအတွင်း SEA ဘေးအန္တရာယ် အကဲဖြတ်သုံးသပ်ခြင်းအတွက် သင့်လျော်သည့် လူထုပူးပေါင်းပါဝင်ဆွေးနွေးသည့် နည်းလမ်းများကို အသုံးပြုပြီး ပြုလုပ်လေ့ရှိပါသည်။ ၎င်းတို့ အနက်မှ ဦးတည်အုပ်စုများနှင့် ဆွေးနွေးခြင်း (သို့မဟုတ်) အဓိကသတင်းပေးနိုင်သူများနှင့် ဆွေးနွေးခြင်း/လူထုအစည်းအဝေးပွဲများ ပြုလုပ်ခြင်းများသည် လက်ရှိတွင် အဖွဲ့အစည်းအများစု အသုံးပြုနေသော သတင်းအချက်အလက် ကောက်ယူသည့် နည်းလမ်းများဖြစ်သည်။ လိုအပ်သော သတင်းစကားများရရှိရန် အောက်ဖော်ပြပါ အခြေခံ မေးခွန်းများကို ထည့်သွင်းမေးမြန်းသင့်ပါသည်။

| စဥ် | မေးခွန်း |
|---|---|
| အပိုင်း(က) | ရပ်ရွာလူထုအတွင်း SEA ဘေးအန္တရာယ် အကဲဖြတ်သုံးသပ်ခြင်း |
| ၁။ | **ကျေးရွာအတွင်းတွင် သင်သည် မည်သည့် အထောက်အပံ့မျိုး ရရှိဖူးပါသလဲ။** |
| ၂။ | **အထက်ပါ အထောက်အပံ့များကို သင်ဘယ်လို ရရှိခဲ့ပါသလဲ။**<br>**(ဥပမာ - တန်းစီခြင်း၊ အိမ်တိုင်ရာရောက်လာပို့ပေးခြင်း)** |

| စဉ် | မေးခွန်း |
|---|---|
| ၃။ | မည်သည့်အဖွဲ့အစည်းက ထောက်ပံ့ပေးပါသလဲ။ |
| ၄။ | သင့်အနေဖြင့် အထောက်အပံ့ရရှိချင်လျှင် မည်သူ့ဆီကို သွားရောက်ချဉ်းကပ်ရသလဲ။ |
| ၅။ | အထောက်အပံ့ပေးသူများထဲမှ မည်သူနှင့်ပိုပြီး ထိတွေ့ဆက်ဆံရသလဲ။<br>(ဥပမာ - အစိုးရဝန်ထမ်း၊ NGO ဝန်ထမ်း၊ ကျေးရွာဝန်ထမ်း၊ ရွာသူကြီး) |
| ၆။ | အထောက်အပံ့ပစ္စည်း (သို့) တစ်စုံတစ်ရာ ပိုလိုချင်သောကြောင့် (အခမဲ့ဆိုသည်ကို သိလျက်နှင့်) တစ်မျိုးမျိုး အကြိုက်ဆောင်ရတာမျိုး ကြားဖူးသလား။ (ဥပမာ - အတူတူ အပြင်သွားခြင်း၊ အနားမှာ ထိုင်ခိုင်းခြင်း) |
| ၇။ | ကြားဖူးလျှင်ရှင်းပြပါ။ |
| ၈။ | အဲဒီကိစ္စမှာ တာဝန်ရှိသူဝန်ထမ်း စိတ်ကျေနပ်အောင် ဘာတွေကို လုပ်ပေးခဲ့ရသလဲ။ |
| ၉။ | အဲဒီလို ပစ္စည်းတစ်စုံတစ်ရာလိုချင်လို့ သူ့အကြိုက်လုပ်ပေးရတာမျိုးကို ဘယ်လိုအုပ်စုမျိုးတွေက ပိုပြီးကြုံတွေ့ခံစားရလဲ။ (ဥပမာ - မိန်းကလေး၊ ယောကျ်ားလေး၊ ကလေးသူငယ် စသည်) |
| ၁၀။ | အထက်ပါဖော်ပြတာမျိုးဖြစ်ခဲ့လျှင် သင့်အနေဖြင့် ဘယ်မှာ အကူအညီယူ တိုင်ကြားမလဲ။<br>အကူအညီ မတောင်းခဲ့ဘူး၊ မတိုင်ကြားခဲ့ဘူးဆိုလျှင် ဘာကြောင့်လဲ။ |
| ၁၁။ | ရွာထဲတွင် အဖွဲ့အစည်းဝန်ထမ်းများနှင့် ရွာသူရွာသားများ အတူတူအကြာကြီး နေတာမျိုး ကြုံဖူးသလား။ (ဥပမာ- ထင်းခွေခြင်း၊ တောလိုက်ခြင်း။ အထူးသဖြင့် - မိဘမဲ့ ကလေးသူငယ်နှင့် မသန်စွမ်းသူများ) |
| ၁၂။ | သင်၏ကျေးရွာတွင် ပစ္စည်း (သို့မဟုတ်) အခွင့်အရေး တစ်စုံတစ်ရာအတွက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရတာမျိုး၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကျင့်မှုမျိုး ရှိခဲ့ကြောင်း ကြားဖူးပါသလား၊ ကြားဖူးလျှင် တိုင်ကြားခဲ့ဖူးပါသလား။ တိုင်ကြားခဲ့ဖူးသည်ဆိုပါက သက်ဆိုင်ရာတာဝန်ရှိသူများက မည်ကဲ့သို့ တုံ့ပြန်ပေးခဲ့ကြပါသလဲ။ |
| ၁၃။ | အထောက်အပံ့ပစ္စည်း (သို့) အခွင့်အရေးတစ်စုံတစ်ရာအတွက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ် မဖွယ်မရာပြုကျင့်မှု အပြုခံရသူများအတွက် မည်သည့်ဝန်ဆောင်မှုမျိုး ကျေးရွာတွင် ရှိထားပါသလဲ။ |
| ၁၄။ | အဆိုပါ အမြတ်ထုတ် မဖွယ်မရာပြုကျင့်မှု ကျူးလွန်သူများကို သင်မည်ကဲ့သို့ ဖြစ်စေချင်သလဲ။ |
| ၁၅။ | သင်၏ကျေးရွာတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် မဖွယ်မရာပြုကျင့်မှုအတွက် သတင်းအချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်ပါသနည်း။ |

| အပိုင်း(ခ) | ရပ်ရွာလူထုအတွင်း တိုင်ကြားရန်လမ်းကြောင်း နှင့် ဖြန့်ဝေရေးဆိုင်ရာ ပစ္စည်းများ။ |
|---|---|
| ၁၆။ | သင်၏ ကျေးရွာတွင် အဆိုပါကိစ္စမျိုး တိုင်ကြားရန်အတွက် အဆင်ပြေဆုံး လမ်းကြောင်းကို ဖော်ပြပါ။ |
| ၁၇။ | သင်၏ကျေးရွာတွင် ပညာပေးလုပ်ငန်းအတွက် မည်သည့်ပစ္စည်းများက အသင့်တော်ဆုံး ဖြစ်မည်ဟု ထင်ပါသလဲ။ (ဥပမာ - လက်ကမ်းစာစောင်၊ ပိုစတာ၊ သီချင်း၊ ဗီဒီယို) |
| ၁၈။ | ကျေးရွာတွင်းတွင် စာတတ်မြောက်မှု (ဒေသခံဘာသာ၊မြန်မာဘာသာ) အခြေအနေကိုဖော်ပြပါ။ |
| ၁၉။ | ယခင်လုပ်ဆောင်ခဲ့ဖူးသည့် ကျန်းမာရေး ပညာပေးအစီအစဉ်များတွင် ပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ စသည်တို့ကို မည်ကဲ့သို့ ထင်မြင်ပါသလဲ။ (ဥပမာ - COVID-19 ကပ်ရောဂါ) |
| ၂၀။ | မည်သည့် ပညာပေးအထောက်အကူပြုပစ္စည်း အမျိုးအစားကို ကြိုက်နှစ်သက်သလဲ။ (ဥပမာ - ပိုစတာ၊ လက်ကမ်းစာစောင်၊ သီချင်း၊ ဗီဒီယို) |
| ၂၁။ | ပညာပေး အထောက်အကူပြုပစ္စည်း (အနည်းဆုံး ပိုစတာတစ်ခု၊ လက်ကမ်းစာစောင် စသည်) များကို ထုတ်ပြပြီး အောက်ပါမေးခွန်းများကို မေးပါ။ နားလည်ပါသလား။ ပိုပြီး လွယ်လွယ်ကူကူနားလည်အောင် ဘယ်လိုအကြံပေးချင်လဲ။ |

မှတ်ချက်။ ။ အထက်ပါ နမူနာမေးခွန်းများမှာ ထည့်သွင်းမေးမြန်းသင့်သည့် အခြေခံမေးခွန်းများသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့အဖွဲ့အစည်း လုပ်ကိုင်နေသော နေရာဒေသ၊ ဒေသိယ စကားအသုံးအနှုန်းနှင့် အကြိုစမ်းသပ်မှု မေးခွန်းများအပေါ်မူတည်ပြီး ချိန်ညှိမှုများ၊ စာသားအသုံးအနှုန်းအလိုက် လိုက်လျောညီထွေမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

## ၃.၁.၂ SEA အန္တရာယ်မြေပုံ ဖန်တီးခြင်း။

အဖွဲ့အစည်း၏ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပါဝင်သူအားလုံးသည် PSEA လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသော တာဝန်များကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤသို့အားဖြင့် ခေါင်းဆောင်မှစ၍ ကွင်းဆင်းဝန်ထမ်းများအထိ ၎င်းတို့၏ တာဝန်များနှင့် ဝတ္တရားများကို သေချာစွာ နားလည်သဘောပေါက်ပြီး SEA ဖြစ်စဉ်များကို ထိရောက်စွာတားဆီးခြင်းနှင့် တုံ့ပြန်ခြင်းတို့ကို လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်တွင် –

- အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များ၊ စီမံကိန်းဒီဇိုင်းများနှင့် လူထုဆက်ဆံရေး နည်းလမ်းများကို သုံးသပ်ခြင်း။
- အမျိုးသမီးများ၊ ကလေးများနှင့် မသန်စွမ်းသူများကဲ့သို့ အလွယ်တကူ ထိခိုက်နိုင်သူများကို သတ်မှတ်ခြင်း။
- ဝန်ထမ်းအပြုအမူ၊ တိုင်ကြားရေးစနစ်နှင့် ထိန်းချုပ်မှုစနစ်များကို သုံးသပ်ခြင်း။
- စီမံချက်အသစ်များ (သို့မဟုတ်) စီမံချက်နယ်မြေအသစ်များ ထပ်မံတိုးချဲ့သည့်အခါ ဘေးအန္တရာယ်မြေပုံကို နောက်တစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခြင်း။

ဤဘေးအန္တရာယ်မြေပုံသည် စီမံကိန်းရေးဆွဲရာတွင် အသုံးချနိုင်သည့် အခြေခံအထောက်အထား ကိရိယာတစ်ခု ဖြစ်ပါသည်။

## ၃.၁.၃. တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများ။

SEA ကို တားဆီးကာကွယ်ခြင်းသည် PSEA အကောင်အထည်ဖော်ခြင်း၏ အခြေခံအချက်ဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် အောက်ပါတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ရပါမည် –

- PSEA အခြေခံစည်းမျဥ်းများကို မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပေါင်းစပ်ထည့်သွင်းခြင်း။
- ဝန်ထမ်းရွေးချယ်ခြင်း၊ အလုပ်လက်ခံခြင်းနှင့် လုပ်ဆောင်မှုအကဲဖြတ်ခြင်းများတွင် လုံခြုံစိတ်ချရသည့် လူမှုကျင့်ဝတ်တန်ဖိုးများကို ထည့်သွင်းစဉ်းစားခြင်း။
- ရပ်ရွာလူထုနှင့် ပွင့်လင်းသည့်ပြုမူပြောဆိုမှု၊ အစီရင်ခံစာပေးပို့ခြင်းတို့အတွက် ဆက်သွယ်ရေးစနစ် တည်ဆောက်ခြင်း။
- လုပ်ငန်းအဖွဲ့များတွင် ကျား/မ တန်းတူညီမျှမှု ရှိစေသော စီမံကိန်းကို ဖန်တီးပေးခြင်း။
- တားဆီးကာကွယ်ရေး လုပ်ထုံးလုပ်နည်းများကို ပုံမှန်သုံးသပ်၍ ထိရောက်မှုရှိသော ပြုပြင်တိုးတက်ပြောင်းလဲမှုများ ပြုလုပ်ခြင်း။

## ၃.၂ သင်တန်းပေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် အသိပညာ တိုးတက်မြင့်မားစေခြင်း။

SEA ကို ကာကွယ်တားဆီးနိုင်ရန်အတွက် အသိပညာနှင့် နားလည်မှုများသည် အဓိကအခန်းကဏ္ဍနေရာ၌ တည်ရှိပါသည်။ အဖွဲ့အစည်းမှဝန်ထမ်းများ၊ မိတ်ဖက်များနှင့် ထောက်ပံ့ ဝန်ဆောင်မှုပေးသူများအား SEA ဘေးအန္တရာယ်များကို သိမြင်နိုင်ရန်၊ တားဆီးနိုင်ရန်၊ တုံ့ပြန်နိုင်ရန် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို တပ်ဆင်ပေးခြင်း ဖြစ်ပါသည်။

### ၃.၂.၁ ဝန်ထမ်းများအတွက် သင်တန်းအစီအစဉ်။

ပုံစံတခုအဖြစ် သီးသန့်ထားရှိသော သင်တန်းအစီအစဉ်သည် ဝန်ထမ်းအားလုံးအား PSEA ဆိုင်ရာတာဝန်နှင့် လုပ်ဆောင်ရန် အချက်အလက်များကို နားလည်စေပါသည်။

အဓိက သင်တန်းအစီအစဉ်များမှာ

- အဖွဲ့ဝင်သစ်သင်တန်း။  ။ ဝန်ထမ်းအသစ်တိုင်းသည် အလုပ်ဝင်ရောက်ပြီး (၂)လအတွင်း PSEA သင်တန်း တက်ရောက်ရမည်။
- မွမ်းမံသင်တန်း။  ။ နှစ်စဉ်/(၆)လတစ်ကြိမ် SEA ဘေးအန္တရာယ်များနှင့် တုံ့ပြန်ရေး နည်းလမ်းများအပေါ် မွမ်းမံ သင်တန်း ထပ်မံစီစဉ်ပေးခြင်း။
- အထူးသင်တန်းများ။  ။ မန်နေဂျာများ၊ လူ့စွမ်းအားအရင်းအမြစ်ဌာနဝန်ထမ်းများနှင့် တိုင်ကြားမှု ကိုင်တွယ်သူများအတွက် အထူးသင်တန်းများ။
- မိတ်ဖက်နှင့် ကူညီထောက်ပံ့သူများအတွက် လေ့ကျင့်သင်တန်း _ အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ဆောင်သော မိတ်ဖက်များအတွက် PSEA သင်တန်းများပေးခြင်း။

သင်တန်း၏ အကျိုးသက်ရောက်မှုများကို မှတ်တမ်းတင်ထား၍ လိုက်လံစောင့်ကြည့်ကာ အဖွဲ့အစည်း၏ လုံခြုံရေး စံနှုန်းများကို အဆင့်မြှင့်တင်နိုင်အောင် ပြုပြင်ဆောင်ရွက်ရပါသည်။ အောက်ပါဇယားသည် PSEA သင်တန်း အစီအစဉ်အတွက် နမူနာပုံစံ ဖြစ်ပါသည်။

| အုပ်စု | အကြိမ် | သင်တန်းအကြောင်းအရာ |
|---|---|---|
| ဝန်ထမ်းအသစ် | အလုပ်စတင်ချိန်တွင် | PSEA အခြေခံမူဝါဒများနှင့် တိုင်ကြားရန် တာဝန်ရှိမှုများ။ |
| လက်ရှိဝန်ထမ်းများ | တစ်နှစ် တစ်ကြိမ် | PSEA အကြောင်းအရာများအပေါ် မွမ်းမံသင်တန်း ပံ့ပိုးပေးခြင်း |
| မိတ်ဖက် အဖွဲ့အစည်းများ | (၆) လ တစ်ကြိမ် | ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးသင်တန်း |
| လူထု/အဖွဲ့အစည်း | လုပ်ငန်း အစီအစဉ်အတိုင်း | အသိပညာမြှင့်တင်ရေးနှင့် PSEA အသိပညာပေးလုပ်ငန်းများ |

## ၃.၂.၂ လူထုနှင့် မိတ်ဖက်အဖွဲ့များအတွက် အသိပညာပေးမြှင့်တင်ခြင်း။

ရပ်ရွာလူထုနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အသိပညာပေးမြှင့်တင်ရေးသည် PSEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းများမှ တားဆီးကာကွယ်ရေး) ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

အဖွဲ့အစည်းသည် လူထုအဖွဲ့ဝင်များ၊ အကျိုးခံစားခွင့်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်း များအား SEA အပေါ် "လုံးဝ သည်းခံမှုမရှိသော မူဝါဒ" ရှိကြောင်းနှင့် ၎င်းတို့၏ လုံခြုံမှုအတွက် အခွင့်အရေးများနှင့် စိုးရိမ်မှုများကို လုံခြုံလျှို့ဝှက် စွာ တိုင်ကြားနိုင်သောနည်းလမ်းများကို နားလည်သဘောပေါက်အောင် သိရှိစေရန် တာဝန်ရှိပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ချက်သည် အဖွဲ့အစည်း၊ မိတ်ဖက်များနှင့် ၎င်းတို့ကူညီဝန်ဆောင်မှုပေးနေသော လူထုတို့အကြား ပွင့်လင်းမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် တာဝန်ရှိမှုတို့ကို တိုးတက်စေပါသည်။

မျှော်မှန်းရလဒ်များ

- ရပ်ရွာလူထုနှင့် မိတ်ဖက်အဖွဲ့များသည် PSEA စံနှုန်းများနှင့် "လုံးဝသည်းခံမှုမရှိသော မူဝါဒ" ကို နားလည် သဘောပေါက်သည်။
- တိုင်ကြားရေးစနစ်များသည် ယုံကြည်စိတ်ချရပြီး လွယ်ကူစွာ အသုံးပြုနိုင်သည်။
- သက်ဆိုင်ရာလုပ်ဆောင်မှုများတွင် ရပ်ရွာလူထုအပေါ် တာဝန်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင့် မြင့်တက်လာသည်။

**(က) ရပ်ရွာလူထုအား PSEA စံနှုန်းများနှင့် တိုင်ကြားနည်းလမ်းများကို နားလည် သဘောပေါက်စေရန် မည်သို့ဆောင်ရွက်မည်နည်း?**

PSEAဆိုင်ရာ အသိပညာများကို လွယ်ကူစွာလက်လှမ်းမီနိုင်စေရန်အတွက် အဖွဲ့အစည်းအနေဖြင့် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရပါမည်။

လူထုအသိပညာပေးအစည်းအဝေးများ။ ။ ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းနှင့် သတင်းအချက်အလက် များ အသိပေးပြောကြားခြင်းအားဖြင့် SEA ၏ အဓိပ္ပါယ်၊ အဖွဲ့အစည်း၏ လုပ်ဆောင်မှုစည်းကမ်းများနှင့် တိုင်ကြား နိုင်သော နည်းလမ်းများကို ရှင်းလင်းပြောကြားခြင်း။

သတင်းအချက်အလက်ဖြန့်ဝေရေး အထောက်အကူပြုပစ္စည်းများ။ ။ ဒေသခံ ဘာသာစကားဖြင့် ပိုစတာများ၊ လက် ကမ်းစာစောင်များနှင့် ထင်သာမြင်လွယ်သော အသိပေးစာတန်းများကို အများနှင့်သက်ဆိုင်သော လူထုနေရာများ၌ ပြသထားခြင်း။ (ဥပမာ – ကျောင်းများ၊ ကျန်းမာရေးစင်တာများ စသည်။)

တုံ့ပြန်ရေးနှင့်တိုင်ကြားရေးစနစ်များ။ ။ လူထုအဖွဲ့ဝင်များအနေနှင့် လုံခြုံလျှို့ဝှက်စွာ တိုင်ကြားနိုင်ရန် အခွင့်အလမ်းများ ဖန်တီးခြင်း။ (ဥပမာ – အကြံပြုစာပုံးများ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ လူထုအဖွဲ့ဆက်သွယ် သူများစသည်။)

နှစ်ဦးနှစ်ဘက်ဆက်သွယ်ရေး။ ။ လူထုနှင့် ပုံမှန်ထိတွေ့ဆက်ဆံခြင်းနှင့် ကာကွယ်ရေး အစီအမံများတွင် လူထု ကိုယ်တိုင်ပါဝင်စေခြင်း၊ နှစ်ဘက်ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် PSEA အပေါ် သဘောပေါက်မှုတိုးတက်အောင် ပြုလုပ်ခြင်းနှင့် တိုင်ကြားရေးစနစ်များအပေါ် ယုံကြည်မှုတိုးတက်အောင် လုပ်ဆောင်ခြင်း။

အားလုံးအကျုံးဝင်မှု။ ။ အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းသူများကဲ့သို့ အနာဂါတ် အန္တရာယ်ရှိသူများအထိ PSEA သတင်းအချက်အလက်များ အပြည့်အဝရောက်ရှိအောင် ပြုလုပ်ခြင်း။

## (ခ) အဓိကလုပ်ငန်းစဉ်များ ။

PSEAဆိုင်ရာ လူထုနှင့် မိတ်ဖက်များအား အသိပညာမြှင့်တင်ရေး အဓိကလုပ်ငန်းစဉ်များသည် အဖွဲ့အစည်း၏ လုပ်ငန်းအဆင့်အားလုံးတွင် တန်းတူညီမျှစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်မှုအဆင့်ဆင့်ကို ဖော်ပြထားပါသည်။

### ၁. စီမံခန့်ခွဲမှု။ ။

ရည်ရွယ်ထားသော လူထုအဖွဲ့များ၊ အဓိကပါဝင်သူများနှင့် အသိပညာမြှင့်တင်ရေး နည်းလမ်းများကို သတ်မှတ်ခြင်း။

### ၂. အသိပညာမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများဖန်တီးခြင်း။ ။

ယဉ်ကျေးမှုနှင့် ဘာသာစကား သင့်တင့်လျောက်ပတ်မှုရှိသော ပစ္စည်းများကို ဖန်တီးထုတ်လုပ်ခြင်း။

### ၃. အကောင်အထည်ဖော်ခြင်း။ ။

သင်တန်းရရှိထားသော ကူညီပံ့ပိုးပေးသူများမှ အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကျား/မ တန်းတူညီမျှမှုနှင့် ပါဝင်မှုကို ဦးစားပေးခြင်း။

### ၄. စောင့်ကြည့်ခြင်း။ ။

အသိပညာမြှင့်တင်ရေးလုပ်ဆောင်မှုများ၏ ထိရောက်မှုကို ပုံမှန်သုံးသပ်ခြင်းနှင့် လူထုအကြံပြုချက်အပေါ် အခြေခံ၍ တိုးတက်အောင် ပြုပြင်ခြင်း။

### ၅. မှတ်တမ်းတင်ခြင်း။ ။

တက်ရောက်သူများစာရင်း၊ တုံ့ပြန်ချက်ပုံစံများနှင့် လုပ်ဆောင်မှု အစီရင်ခံစာများကို သိမ်းဆည်းထားခြင်း။

## (ဂ) တိုက်ဆိုင်စစ်ဆေးမှုစာရင်း။

PSEA အသိပညာမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်မှုများအတွက် တိုက်ဆိုင်စစ်ဆေးမှု စာရင်းသည် လူထုနှင့်ပူးပေါင်းဆောင်ရွက်မှုမတိုင်မီ၊ ပြုလုပ်နေစဉ်နှင့် ပြီးဆုံးချိန်တွင် လိုအပ်သော အချက်အလက်အားလုံး ပါဝင်မှုရှိကြောင်း သေချာစေရန်အတွက် အသုံးပြုပါသည်။

### လုပ်ငန်းမလုပ်ဆောင်မီ တိုက်ဆိုင်စစ်ဆေးရန်စာရင်း

- အသိပညာပေးစာစောင်များကို ဒေသခံဘာသာစကားဖြင့် ပြန်ဆိုထားသည်။
- သင်တန်းရရှိထားသော ကူညီပံ့ပိုးပေးသူများအား ခန့်ထားပြီးဖြစ်သည်။
- ကွင်းဆင်းဝန်ထမ်းများအား PSEA ဆိုင်ရာ စွမ်းဆောင်ရည် ဆင့်ပွားသင်တန်းပေးပြီး လေ့ကျင့်မှုများ ပြုလုပ်ပြီးဖြစ်သည်။
- တိုင်ကြားရေးနှင့် တုံ့ပြန်ရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နေသည်။
- ဒေသခံခေါင်းဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်မှု လုပ်ဆောင်ပြီးဖြစ်သည်။

### လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း တိုက်ဆိုင်စစ်ဆေးရန်စာရင်း

- SEA တားဆီးရေးအကြောင်းအရာများကို ပေါ်လွင်အောင် ရှင်းလင်းပြောကြားသည်။
- တက်ရောက်သူများအား ၎င်းတို့၏အခွင့်အရေးများနှင့် တိုင်ကြားရေး နည်းလမ်းများကို အသိပေးထားသည်။
- မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းအတွက် လုံခြုံသည့်နေရာရှိသည်။

**လုပ်ငန်းလုပ်ဆောင်ပြီးနောက် စစ်ဆေးရန်စာရင်း**

- လူထုမှတုံ့ပြန်ချက်များကို စုဆောင်း၍ မှတ်တမ်းတင်ထားသည်။
- တိုင်ကြားချက်များအား သက်ဆိုင်ရာလမ်းကြောင်းမှတဆင့် ပေးပို့ပြီးဖြစ်သည်။
- လုပ်ငန်းအကဲဖြတ်ခြင်းနှင့် တိုးတက်မှုမှတ်စုများ ပြီးမြောက်ထားသည်။

## ၃.၃ ရပ်ရွာလူထုပူးပေါင်းပါဝင်မှု နှင့် ဒေသမှုပြုခြင်း။

လူထုပူးပေါင်းပါဝင်မှုနှင့် ဒေသမှုပြုခြင်းသည် PSEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှ ကာကွယ်တားဆီးရေး) ၏ အခြေခံစည်းမျဉ်းများကို ဒေသအဆင့်တွင် လက်တွေ့ကျကျ ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

ရပ်ရွာလူထုအဖွဲ့များကို PSEA လှုပ်ရှားမှုများ၏ အစီအစဉ်ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းအဆင့်များတွင် ပါဝင်အောင် ပြုလုပ်ပေးထားခြင်းအားဖြင့် အဖွဲ့အစည်းသည် ကိုယ်ပိုင်ဖြစ်မှု၊ ယုံကြည်မှုနှင့် တာဝန်ရှိမှုတို့ကို တိုးတက်အောင် ပြုလုပ်နိုင်ပါသည်။

ဒေသမှုပြုခြင်း (Localization)သည် ထပ်မံအားဖြည့်ပေးသော အစိတ်အပိုင်းဖြစ်ပြီး၊ PSEA လုပ်ဆောင်မှုများကို ယဉ်ကျေးမှုနှင့်ကိုက်ညီစေရန်၊ လူထုအခြေပြုဖြစ်စေရန် သေချာစေပါသည်။ ထို့အပြင် လူနည်းစုအဖွဲ့များနှင့် ထိခိုက်လွယ်အုပ်စုများ၏ အသံကိုပါ ပါဝင်လာစေရန် အာမခံပေးပါသည်။

### ၃.၃.၁ ဆက်သွယ်ရေး မဟာဗျူဟာ။

PSEA ၏ စည်းမျဉ်းစည်းကမ်းများကို ရပ်ရွာလူထု၊ ဝန်ထမ်းများနှင့် မိတ်ဖက်များအကြား ထိရောက်စွာ မြှင့်တင်နိုင်ရန်အတွက် တိကျပြတ်သားပြီး၊ ဒေသဓလေ့ထုံးတမ်းအရလည်း သင့်တင့်သော ဆက်သွယ်ရေးမူဝါဒတစ်ရပ် လိုအပ်ပါသည်။

အဓိက ဆောင်ရွက်ချက်များ _

- လူထုအဖွဲ့များအား အဖွဲ့အစည်း၏ SEA အပေါ် "လုံးဝသည်းခံမှု မရှိသောမူဝါဒ" (Zero Tolerance Policy) ကို နားလည် သဘောပေါက်အောင်ပြုလုပ်ခြင်း။
- ဒေသခံဘာသာစကား၊ ယဉ်ကျေးမှု၊ ထုံးတမ်းအလေ့အထများနှင့်ကိုက်ညီသောနည်းလမ်းများဖြင့် သတင်းစကား ပေးပို့ခြင်း။
- ဆက်သွယ်ရေးလမ်းကြောင်းအမျိုးမျိုး အသုံးပြုခြင်း (ဥပမာ–ရေဒီယို၊ ကျေးရွာအစည်းအဝေးများ၊ ပိုစတာများ၊ လူမှုမီဒီယာ၊ ပြဇာတ်၊ ပုံပြင်ပြောခြင်း စသည်။)
- လူထု၏ တုံ့ပြန်ချက်များကို လက်ခံ၍ နှစ်ဘက်သဘောတူညီမှု ဖော်ဆောင်ခြင်း။

ဆက်သွယ်ရေးမူဝါဒကို ပုံမှန်ပြန်လည်သုံးသပ်၍ လူထုလိုအပ်ချက်နှင့် ကိုက်ညီစေရန် ပြုပြင်ထားသင့်ပါသည်။

## ၃.၃.၂ ဒေသခံဘာသာစကား၊ ပိုစတာများနှင့် လက်ကမ်းစာစောင်များဖြင့် အသိပညာပေးခြင်း။

စာတတ်မြောက်မှု အားနည်းသူများ (သို့မဟုတ်) ဘာသာစကား မတူညီသူများအပါအဝင် ရပ်ရွာလူထုအဖွဲ့ဝင် အားလုံးအနေဖြင့် PSEA စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်စေရန်အတွက် အဖွဲ့အစည်းသည် ထိရောက်သိမြင်လွယ်သော သတင်းပေးစာစောင်များကို ဒေသခံဘာသာစကားဖြင့် ထုတ်ဝေရပါမည်။

ပါဝင်သင့်သောအကြောင်းအရာများ

- ဝန်ထမ်းများအတွက် မျှော်မှန်းထားသော အပြုအမူများနှင့် တိုင်ကြားနည်းလမ်းများပါဝင်သည့် ပိုစတာများ။
- SEA ၏ အဓိပ္ပါယ်၊ အခွင့်အရေးများနှင့် တိုင်ကြားရေးစနစ်များ ဖော်ပြသည့် လက်ကမ်းစာစောင်များ။
- ဒေသယဉ်ကျေးမှုအလိုက် သင်္ကေတများနှင့် ရုပ်ပုံများ အသုံးပြုခြင်း။
- ပိုစတာများကို ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ လူထုခန်းမများနှင့် ရုံးများကဲ့သို့သော အများနှင့်ဆိုင်သော နေရာများတွင် တင်ဆက်ပြသထားခြင်း။

ယဉ်ကျေးမှုနှင့်ကိုက်ညီပြီး ထင်သာမြင်သာသည့် အသိပညာပေးခြင်းသည် လူထုပါဝင်မှုနှင့်နားလည်မှုကို လွယ်ကူစွာ တိုးတက်စေပါသည်။ ဒေသခံဘာသာစကားဖြင့် အသိပညာပေး ဆက်သွယ်လုပ်ဆောင်ရာတွင် အောက်ဖော်ပြပါ ဇယားရှိ အကြောင်းအရာများအား ထည့်သွင်း စဉ်းစားသင့်ပါသည်။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | လုပ်ဆောင်ပုံ | **ဒေသခံဘာသာစကားဖြင့် ရိုးရှင်းပြီး နားလည်လွယ်သောအချက်အလက်များကို ဖြန့်ဝေရန် လိုအပ်သည်။**<br>(ဥပမာ။ ။ မြန်မာဘာသာစကားဖြင့် စာတန်းများ၊ ပိုစတာများ၊ ရေဒီယို ထုတ်လွှင့်မှုများနှင့် ဗီဒီယိုများကို အသုံးပြုနိုင်သည်။<br>အထူးသဖြင့် ကျေးလက်ဒေသများတွင် စာတတ်မြောက်မှုမရှိသူများ အတွက် ရုပ်ပုံများ၊ ပုံပြင်ပြောခြင်းနှင့် ဗီဒီယိုများကို အသုံးပြုခြင်း။) |
| ၂။ | ရည်ရွယ်ချက် | **ရပ်ရွာလူထုများအား ၎င်းတို့၏အခွင့်အရေးများကို သိရှိစေရန်နှင့် မဖြစ်မနေ တိုင်ကြားခြင်းကို အားပေးရန် ဖြစ်သည်။**<br>(ဥပမာ။ ။ အကူအညီပေးသူများထံမှ လိင်ပိုင်းဆိုင်ရာ အကျိုးအမြတ် ရယူခြင်းများသည် လက်မခံနိုင်ကြောင်း ရှင်းလင်းစွာ သိရှိစေရန်။) |
| ၃။ | လက်တွေ့ အကောင်အထည်ဖော်မှု | **ဒေသခံဘာသာပြန်များနှင့် ပူးပေါင်းကာ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေမှုရှိသော စာသားများ ဖန်တီးရန်။**<br>(ဥပမာ။ ။ မြန်မာနိုင်ငံရှိ လူမျိုးစုဒေသများတွင် ကချင်၊ ကရင်၊ ရှမ်း စသည့် ဒေသဆိုင်ရာ ဘာသာစကားများဖြင့်လည်း အသိပညာပေးရန် လိုအပ်သည်။) |

## ၃.၃.၃ ရပ်ရွာလူထု အစည်းအဝေးပွဲများ။

ပုံမှန်အားဖြင့် ရပ်ရွာလူထုနှင့် အစည်းအဝေးများ ကျင်းပခြင်းသည် ပွင့်လင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှု တည်ဆောက်ရေးအတွက် အရေးကြီးပါသည်။

**ရည်ရွယ်ချက်များ**

- PSEA လုပ်ဆောင်မှုများ၊ တိုင်ကြားရေးစနစ်များနှင့် မြေပြင်အခြေအနေများကို မျှဝေခြင်း။
- ရပ်ရွာလူထုအား တုံ့ပြန်ချက်များလက်ခံခြင်း၊ တာဝန်ယူမှု ဆိုခြင်းနှင့် တုံ့ပြန်လုပ်ဆောင်မှုများ တိုးတက်အောင် ပြုပြင်ခြင်းများတွင် ပါဝင်စေခြင်း။
- ရပ်ရွာလူထုနှင့် အဖွဲ့အစည်းများအကြား ယုံကြည်မှု တည်ဆောက်ခြင်း။
- ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံမှုဆိုင်ရာပြဿနာများအပေါ် ဆွေးနွေးနိုင်မည့် သီးသန့်နေရာဖန်တီးခြင်း။

လူထုအစည်းအဝေးပွဲများကို သုံးလတစ်ကြိမ်ခန့် ပုံမှန်စီစဉ်သင့်ပြီး အခြားသော လုပ်ငန်းစဉ်တိုင်းတွင်လည်း PSEA အကြောင်းအရာများကို ယဉ်ကျေးမှုနှင့်လျော်ညီစွာ ရှင်းပြနိုင်သော သင်တန်းရရှိပြီးသူ ဝန်ထမ်းများမှ စီမံခန့်ခွဲသင့်ပါသည်။ ရပ်ရွာအသိပညာပေးပွဲများတွင် အောက်ပါဇယားရှိ အကြောင်းအရာဖော်ပြချက်များကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ရန် လိုအပ်ပါသည်။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | လုပ်ဆောင်ပုံ | **ရပ်ရွာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အုပ်စုဖွဲ့ ဆွေးနွေးမှုများကို စီစဉ်ပြုလုပ်ရန်။**<br>ဤဆွေးနွေးပွဲများတွင် အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းသူများ နှင့် အခြား ဘေးဖြစ်နိုင်ခြေရှိသူများကို ဦးစားပေးပါဝင်စေရမည်။ |
| ၂။ | ရည်ရွယ်ချက် | **လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းနှင့် ပတ်သက်သော အယူအဆလွဲမှားမှုများ ကိုလျှော့ချရန်နှင့် ရပ်ရွာလူထုအား ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေရန် အားပေးခြင်းဖြစ်သည်။**<br>(ဥပမာ။ ။ ယဉ်ကျေးမှုအရ ထိခိုက်လွယ်သော အကြောင်းအရာများကို လေးစားစွာ ဆွေးနွေးရန် လိုအပ်သည်။) |
| ၃။ | လက်တွေ့ အကောင်အထည်ဖော်မှု | **ဆွေးနွေးပွဲများကို ရပ်မိရပ်ဖများ၊ ဒေသခံခေါင်းဆောင်များ (သို့မဟုတ်) ယုံကြည်ရသူများက ဦးဆောင်ပြီး ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေရှိသော နည်းလမ်းများကို အသုံးပြုရမည်။**<br>ဥပမာ။ ။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ဘာသာရေး ခေါင်းဆောင်များ (သို့မဟုတ်) ရပ်ရွာအကြီးအကဲများကို ပါဝင်စေခြင်း ဖြင့် ယုံကြည်မှုရရှိနိုင်သည်။ |

## ၃.၃.၄ ဒေသခံလူထုနှင့်ကိုက်ညီသော နည်းလမ်းများအသုံးပြု၍ ပူးပေါင်းဆောင်ရွက်ခြင်း။

ရပ်ရွာလူထုအနေဖြင့် နားလည်မှုနှင့်ပါဝင်မှု မြင့်တက်လာစေရန်အတွက် အဖွဲ့အစည်းသည် ဒေသအလိုက် သင့်တော်သော လူထုအခြေပြုနည်းလမ်းများကို အသုံးပြုရပါမည်။

ဥပမာများ

- ဇာတ်လမ်းသရုပ်ဖော်။ ။ PSEA စည်းမျဉ်းများနှင့် တိုင်ကြားနည်းများကို ပြသခြင်း။
- ပုံပြောခြင်းနှင့် ရေဒီယို ဆွေးနွေးဟောပြောပွဲများ။ ။ ဒေသခံဘာသာစကားဖြင့် ပြုလုပ်ခြင်း။
- တေးသရုပ်ဖော်၊ ပန်းချီကားများ၊ ရိုးရာအနုပညာ။ ။ အကာအကွယ်ပေးမှုနှင့် တာဝန်ရှိမှုများကို နားလည်လွယ်သည့် နည်းလမ်းများဖြင့် သတင်းစကားများပေးပို့ခြင်း။
- တက်ကြွလှုပ်ရှားမှုဂိမ်းကစားနည်းများနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများ။ ။ ကလေးသူငယ်များ၊ လူငယ်များနှင့် လူထုအဖွဲ့များအတွက် အသိပညာမြှင့်တင်ရေးအတွက် အထောက်အပံ့ပေးခြင်း။

ယဉ်ကျေးမှုနှင့်ကိုက်ညီသော နည်းလမ်းများအသုံးပြုခြင်းသည် ကြိုတင်ကာကွယ်ရေးနှင့် တာဝန်ရှိမှုအပေါ် ဆွေးနွေးမှုများကို ပုံမှန်ဖြစ်စေပြီး လူထုပါဝင်မှုကို တိုးတက်စေပါသည်။ ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရာတွင် အောက်ပါဇယားရှိ အကြောင်းအရာဖော်ပြချက်များကို အခြေခံထား လုပ်ဆောင်သင့်ပါသည်။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | လုပ်ဆောင်ပုံ | ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ ဘာသာရေးအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ရန်။ ၎င်းတို့သည် ရပ်ရွာအတွင်း PSEA နှင့်ပတ်သက်သော အချက်အလက်များကို ဖြန့်ဝေရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ |
| ၂။ | ရည်ရွယ်ချက် | ဒေသခံ အဖွဲ့အစည်းများသည် ရပ်ရွာအတွင်း ယုံကြည်မှုရှိပြီး ဒေသခံ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို နားလည်သည်။ ၎င်းတို့နှင့် ပူးပေါင်းခြင်းဖြင့် PSEA လုပ်ငန်းစဉ်များသည် ပိုမိုထိရောက်ပြီး လက်ခံမှုရရှိစေသည်။ |
| ၃။ | လက်တွေ့ အကောင်အထည်ဖော်မှု | ဒေသခံအဖွဲ့အစည်းများအား PSEA နှင့်ပတ်သက်သော သင်တန်းများပေးပြီး ၎င်းတို့၏ အဖွဲ့ဝင်များကို အသိပညာပေးရေးနှင့် တိုင်ကြားမှုယန္တရားများတွင် ပါဝင်စေရန်။ |

## ၃.၃.၅ အားလုံးအကျုံးဝင်မှု။

အဖွဲ့အစည်းသည် လူတန်းစား အလွှာအားလုံး (ကျား/မ၊ အသက်၊ မသန်စွမ်းမှု၊ လူမျိုး၊ လူမှုအခြေအနေမရွေး) ပါဝင်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ဆောင်မှုများကို ပြုလုပ်ရမည်။ အထူးအရေးယူဆောင်ရွက်မှုများအနေဖြင့် သတင်းအချက်အလက်များကို အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းသူများနှင့် လူနည်းစုများထံ သေချာစွာရောက်ရှိစေရန် မဖြစ်မနေ လုပ်ဆောင်ပေးရမည် ဖြစ်သည်။

### မျှော်မှန်းရလဒ်များ

ဒေသခံလူထုအဖွဲ့ဝင်များသည် PSEA လုပ်ရှားမှုများ၏ အစီအစဉ်ရေးဆွဲခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတွင် တက်ကြွစွာပါဝင်လာရန်။

- PSEA ဆက်သွယ်ရေးပစ္စည်းများနှင့် မူဝါဒများသည် ဒေသခံဘာသာစကား၊ ယဉ်ကျေးမှု အလေ့အထများနှင့် ကိုက်ညီခြင်း။
- တိုင်ကြားရေးစနစ်များသည် လူထုအဖွဲ့ဝင်အားလုံးအတွက် နားလည်ရလွယ်ပြီး ယုံကြည်စိတ်ချရခြင်း။
- လူနည်းစုအဖွဲ့များနှင့် ထိလွယ်ရှလွယ်အုပ်စုများသည် ကြိုတင်တားဆီးကာကွယ်ရေး လုပ်ဆောင်မှုများတွင် အဓိပ္ပါယ်ရှိရှိ ပါဝင်ခြင်း။

### အဓိကစည်းမျဉ်းများ

- ဒေသခံလူနည်းစုများအတွက် ပူးပေါင်းပါဝင်ခွင့်ကို တားဆီးနေသော အတားအဆီးများအား ဖယ်ရှားခြင်း။
- လူထုအစည်းအဝေးများတွင် ကျား/မ တန်းတူညီမျှမှုနှင့် ကိုယ်စားပြုမှုကို ထည့်သွင်းစဉ်းစားပေးခြင်း။
- လွယ်ကူရှင်းလင်းသော ဆက်သွယ်ရေးနည်းလမ်းများ အသုံးပြုခြင်း (ဥပမာ – ဒေသဘာသာစကား၊ ရုပ်ပုံကားချပ်များ၊ ရိုးရှင်းသောရေးသားမှုများ စသည်။)
- ဒေသခံအမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ မသန်စွမ်းအဖွဲ့များနှင့် ကြိုတင်တိုင်ပင် ဆွေးနွေးခြင်း။

အားလုံးပါဝင်နိုင်ရေးကို ဦးစားပေးခြင်းဖြင့် အဖွဲ့အစည်းသည် ကြိုတင်တားဆီးကာကွယ်ရေးနှင့် တာဝန်ရှိမှုကို မူဝါဒတစ်ခုအနေနှင့်သာမဟုတ်ဘဲ လူထုအဖွဲ့ဝင်အားလုံးမှ တန်ဖိုးထားကြသည့် ကတိကဝတ်တစ်ခုအဖြစ် တည်ဆောက်နိုင်ပါသည်။

### အဓိကလုပ်ဆောင်ချက်များ

အားလုံးတန်းတူပါဝင်မှုရှိသော ဆက်သွယ်ရေးကို အကောင်အထည်ဖော်ရန်အတွက် အောက်ပါလုပ်ဆောင်ချက်များသည် အဓိကကျသည်။

(က) လူနည်းစုသုံး ဒေသခံဘာသာစကားများကို ထည့်သွင်းစဥ်းစားခြင်း။

| စဥ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | ဖော်ပြချက် | ရပ်ရွာလူထုအတွင်း လူနည်းစုအုပ်စု၊ စာအရေး/အဖတ် အကန့်အသတ်ရှိသူများပါ နားလည်နိုင်သော အချက်အလက်များကို အလေးထားခြင်း။ |
| ၂။ | လုပ်ဆောင်ပုံ | သက်ဆိုင်ရာ ဦးတည်အုပ်စု (လူမျိုးစု၊ ကလေး) အလိုက် ရိုးရှင်းသော စာသားများဖြင့် ပိုစတာ၊ လက်ကမ်းစာစောင်၊ အသံဖိုင်နှင့် ဗီဒီယိုများကို ဖန်တီးခြင်း။ |
| ၃။ | ဥပမာ | PSEA နှင့်ပတ်သက်သော အချက်အလက်များကို ဦးတည်အုပ်စုအလိုက် ပစ္စည်းများကို ဖန်တီးခြင်း။<br>(ပိုစတာများ၊ ဂိမ်းများ၊ ရုပ်ပုံများနှင့် ပုံပြင်ပြောခြင်း) |

(ခ) မတူကွဲပြားသော အုပ်စုများအတွက် လိုက်လျောညီထွေဖြစ်စေခြင်း။

| စဥ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | ဖော်ပြချက် | မသန်စွမ်းသူများ၊ လူငယ်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် အခြားထိခိုက်လွယ်သူများအတွက် သီးသန့်ဆက်သွယ်ရေး နည်းလမ်းများကို ဖန်တီးရန်။ |
| ၂။ | လုပ်ဆောင်ပုံ | **မသန်စွမ်းသူများအတွက်**<br>• အမြင်အာရုံမသန်စွမ်းသူများအတွက် အသံဖိုင်များ၊ အကြားအာရုံမသန်စွမ်းသူများအတွက် လက်ဟန်ပြဘာသာစကား ဗီဒီယိုများကို ဖန်တီးရန်။<br>**လူငယ်များအတွက်**<br>• ဆိုရှယ်မီဒီယာပလက်ဖောင်းများ (ဥပမာ - Facebook၊ You Tube၊ WhatsApp) တွင် ဒစ်ဂျစ်တယ် ဗီဒီယိုများ၊ စိတ်ဝင်စားစရာရုပ်ပြများ အသုံးပြုရန်။<br>**လိင်စိတ်ခံယူမှု ကွဲပြားသူများအတွက်**<br>၎င်းတို့၏ အခွင့်အရေးများကို အလေးထားဖော်ပြသော ချဥ်းကပ်နည်းများကို အသုံးပြုရန်။ |

(ဂ) ယဉ်ကျေးမှုအရ လိုက်လျောညီထွေဖြစ်စေခြင်း။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | ဖော်ပြချက် | ဆက်သွယ်ရေး နည်းလမ်းများသည် သက်ဆိုင်ရာ ဒေသခံယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားရမည်။ ၎င်းသည် ရပ်ရွာသားများ၏ ယုံကြည်မှုရရှိရန်နှင့် အချက်အလက်များ လက်ခံမှုရှိစေရန် အထောက်အကူဖြစ်စေသည်။ |
| ၂။ | လုပ်ဆောင်ပုံ | • ဒေသခံ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာအကြီးအကဲများ၊ ယဉ်ကျေးမှုဆိုင်ရာ အကြံပေးများနှင့် တိုင်ပင်ရန်။<br>• ယဉ်ကျေးမှုအရ ထိခိုက်လွယ်သော အကြောင်းအရာများကို ရှောင်ရှားရန် (သို့မဟုတ်) သင့်လျော်စွာ တင်ပြရန်။<br>• ဒေသနှင့်ကိုက်ညီသော စကားအသုံးအနှုန်းများနှင့် တင်ဆက်ပုံများကို အသုံးပြုရန်။ |
| ၃။ | ဥပမာ | • မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ရပ်ရွာခေါင်းဆောင်များနှင့် ပူးပေါင်းကာ PSEA နှင့်ပတ်သက်သော အချက်အလက်များကို လူအများစုနှင့် သက်ဆိုင်သောနေရာများတွင် ဖြန့်ဝေရန်။<br>• ဒေသခံရိုးရာအကများ (သို့မဟုတ်) ပုံပြင်ပြောခြင်းများကို အသုံးပြုပြီး အသိပညာပေးရန်။ |

## ၃.၄ အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် အရင်းအမြစ်များ။

ဤအပိုင်းတွင် အဖွဲ့အစည်းအတွင်း PSEA (လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှ ကာကွယ်ခြင်း) မူဝါဒကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် မဟာဗျူဟာ၊ လုပ်ဆောင်မှုအဆင့်များနှင့် အသုံးချရန် အရင်းအမြစ်များကို ဖော်ပြထားသည်။ ၎င်းအပိုင်းတွင် တာဝန်ဝတ္တရားများကို သေချာအောင် သတ်မှတ်ပေးထားခြင်း၊ အချိန်ဇယားများကို ရေးဆွဲထားခြင်းများအပြင် မူဝါဒကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော ဝန်ထမ်း၊ ငွေကြေးနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များကိုလည်း သင့်လျော်အောင် စီစဉ်ပံ့ပိုးပေးခြင်းများ ပါဝင်ပါသည်။

## ၃.၄.၁ PSEA လုပ်ဆောင်ရေးအစီအစဉ်။

PSEA လုပ်ဆောင်ရေးအစီအစဉ်သည် မူဝါဒပါအကြောင်းအရာများကို အပြုအမူအဆင့်သို့ ပြောင်းလဲ အကောင်အထည်ဖော်ရာတွင်အသုံးပြုသည့် လုပ်ထုံးလုပ်နည်းအခြေခံစနစ်ဖြစ်ပါသည်။ ၎င်းတွင် လုပ်ဆောင်ရမည့် သတ်မှတ်ထားသောလုပ်ငန်းများ၊ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ရန် အချိန်ဇယားများ၊ လုပ်ဆောင်မှုအညွှန်းကိန်းများနှင့် စောင့်ကြပ်စစ်ဆေးရေးစနစ်များကို အသေးစိတ်ဖော်ပြထားပြီး လုပ်ရပ်အပေါ် တာဝန်ယူမှုနှင့် လုပ်ငန်းအဆင့်မြှင့်တင်မှုတို့ကို တိုးတက်အောင်ထိန်းသိမ်းရန် ရည်ရွယ်ထားပါသည်။

## ၃.၄.၂. အကောင်အထည်ဖော်နည်းလမ်းများ။

အောက်ပါနည်းလမ်းများသည် အားလုံးတန်းတူပါဝင်မှုရှိသော ဆက်သွယ်ရေးကို အကောင်အထည်ဖော်ရန် အထောက်အကူ ဖြစ်စေသည်။

(က) ရိုးရှင်းသော နည်းလမ်းများ။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁။ | ဖော်ပြချက် | ဒေသခံဘာသာစကားဖြင့် ရိုးရှင်းပြီး နားလည်လွယ်သော ဆက်သွယ်ရေးစနစ်များကို ဖန်တီးရန်။ |
| ၂။ | လုပ်ဆောင်ပုံ | • ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ အသံဖိုင်များနှင့် ဗီဒီယိုများကို ဒေသခံဘာသာစကားဖြင့် ရိုးရှင်းစွာ ဖန်တီးရန်။<br>• စာတတ်မြောက်မှု အခက်အခဲရှိသူများအတွက် ရုပ်ပုံများနှင့် သင်္ကေတများကို အသုံးပြုရန်။<br>• ဒေသနှင့်ကိုက်ညီသော ဘာသာစကားဖြင့် ပစ္စည်းများ ထုတ်လုပ်ရန်။ |
| ၃။ | ဥပမာ | • PSEA နှင့်ပတ်သက်သော အချက်အလက်များကို မြန်မာဘာသာဖြင့် ရိုးရှင်းစွာ ရေးသားထားသော ပိုစတာများ။<br>• ဒေသနှင့် သင့်လျော်သော အသံပေးစနစ် (အသံချဲ့စက်)။ |

(ခ) မသန်စွမ်းသူများအတွက် အထူးနည်းလမ်းများ။

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
| --- | --- | --- |
| ၁။ | ဖော်ပြချက် | မသန်စွမ်းသူများအတွက် လက်လှမ်းမီနိုင်သော ဆက်သွယ်ရေးပစ္စည်းများကို ဖန်တီးရန်။ |
| ၂။ | လုပ်ဆောင်ပုံ | • အမြင်အာရုံမသန်စွမ်းသူများအတွက် အသံဖိုင်များကို ဖန်တီးခြင်း။<br>• အကြားအာရုံမသန်စွမ်းသူများအတွက် လက်ဟန်ပြဘာသာစကား၊ ဗီဒီယိုများ ဖန်တီးရန်။<br>• ရွေ့လျားသွားလာရန် ခက်ခဲသူများအတွက် လက်လှမ်းမီလွယ်ကူသော ဆက်သွယ်/ပြန်ကြားရေးစင်တာများကို ထားရှိရန်။ |
| ၃။ | ဥပမာ | • အသံဖိုင်များဖြင့် တင်ဆက်ထားသော PSEA သတင်းစကားများ။<br>• ဒေသခံ မသန်စွမ်းသူများအဖွဲ့နှင့် ပူးပေါင်းဖန်တီးထားသော လက်ဟန်ပြ ဗီဒီယိုများ။ |

## ၃.၅. ရပ်ရွာအခြေပြု ဝေဖန်အကြံပြု တုံ့ပြန်ဖြေရှင်းရေး ယန္တရားများ (CFRM)။

CFRM ဆိုသည်မှာ ရပ်ရွာလူထုမှ သက်ဆိုင်သူများ၏ အကြံပြုချက်များ၊ မေးမြန်းချက်များ၊ မကျေနပ်မှုများကို စနစ်တကျကောက်ယူ၊ စိစစ်သုံးသပ်ပြီး လိုအပ်သလို တုံ့ပြန်ဖြေရှင်းပေးသော စနစ်ဖြစ်သည်။ လုံခြုံလွယ်ကူလျင်မြန်စွာ ဝင်ရောက်သတင်းပို့တိုင်ကြားနိုင်ပြီး တာဝန်ယူတုံ့ပြန်မှုများကို အောက်ပါအချက်များအပေါ် အခြေခံ၍ တည်ဆောက်ထားသင့်သည်။

- အများားဆန္ဒအပေါ် အခြေခံလုပ်ဆောင်မှုများနှင့် တာဝန်ခံမှုများကို သေချာစေရန်၊
- လူ့အဖွဲ့အစည်း အလွှာအသီးသီးမှ လူထု၏ပါဝင်မှုနှင့် ၎င်းတို့၏အသံကို ဖမ်းဆုပ်တင်ပြနိုင်ရန်၊
- ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်ရန်၊
- စီမံချက် အရည်အသွေးကို တိုးတက်ကောင်းမွန်စေရန်။

## ၃.၅.၁. CFRM အကောင်အထည်ဖော်ရန် နည်းဥပဒေသများ။

ရပ်ရွာအခြေပြု ဝေဖန်အကြံပေး တုံ့ပြန်ဖြေရှင်းရေး ယန္တရားများ(CFRM)ကို အကောင်အထည်ဖော် တည်ဆောက်ရာတွင် ထိရောက်အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် အောက်ဖော်ပြပါ စည်းမျဉ်းနိယာမများကို အခြေခံထားဆောင်ရွက်ရပါမည်။

၁။ CFRM တစ်ခု ထူထောင်နိုင်ရန် အထက်အရာရှိများက ယုံကြည်စိတ်အပြည့်ဖြင့် အားပေးထောက်ပံ့ကြရပါမည်။ သင့်တော်သည့်ရင်းမြစ်များ (ဝန်ထမ်းများ အပါအဝင်) ကိုလည်း ပံ့ပိုးပေးထားရပါမည်။

၂။ အကြံပြုချက်/တိုင်ကြားချက်ပေးပို့ရန် သင့်တော်သည့်နည်းလမ်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ဒေသခံရပ်ရွာလူထုများနှင့် ဆွေးနွေးတိုင်ပင်ပြီး အကြံဉာဏ်ရယူရမည်။

၃။ အကြံပြုချက်/တိုင်ကြားချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း မည်သည့်အချက်များနှင့် ပြည့်စုံလျှင် ကျိုးကြောင်းညီညွတ်သည့် အကြံပြုချက်/တိုင်ကြားချက်အဖြစ်ယူဆမည် ဆိုသည့်အချက်များအပါအဝင် ရည်ရွယ်ချက်၊ ကန့်သတ်ချက်များကို အဖွဲ့အစည်းက ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။

၄။ ဝန်ထမ်းများအား လုပ်ငန်းလုပ်ဆောင်ပုံအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများ လေ့ကျင့်သင်ကြားပေးထားရမည်။

၅။ ဘယ်လိုအကြံပြု/တိုင်ကြားရမည်ဆိုသည်ကို အကျိုးခံစားခွင့်ရှိသူများက အတိအကျ သိရှိထားသည်။

၆။ အကြံပြုစာ/တိုင်ကြားစာများ ပေးပို့ကြသည်။

၇။ အကြံပြုစာ/တိုင်ကြားစာများအား ပြန်လည်ဆန်းစစ်သုံးသပ်သည်။

၈။ အကြံပြုသူ/တိုင်ကြားသူများအား အသိအမှတ်ပြုသည်။

၉။ တုံ့ပြန်ချက် ပြန်ပေးသည် ။

၁၀။ အကြံပြုသူ/တိုင်ကြားသူက ဆုံးဖြတ်ချက်ကို ပြောင်းလဲပြင်ဆင်ရန် မေတ္တာရပ်ခံ (အယူခံဝင်) ခွင့်ရှိသည်။

၁၁။ အကြံပြုချက်/တိုင်ကြားချက်များမှရရှိသည့် အချက်အလက်များကို စီမံကိန်းတိုးတက်ရေးအတွက် ပြန်လည်အသုံးချသည်။

၁၂။ အတွေ့အကြုံမှရရှိသည့် သင်ခန်းစာများအပေါ်အခြေခံပြီး CFM ကို အကဲဖြတ်သုံးသပ်ထားသည်။ လိုအပ်သလို ပြောင်းလဲပြုပြင်သည် ။

## ၃.၅.၂ ဝေဖန်အကြံပြုတုံ့ပြန်ဖြေရှင်းရေးစနစ် တည်ဆောက်ရန် ရပ်ရွာလူထုနှင့် ဆွေးနွေးခြင်း။

ဝေဖန်အကြံပြု တုံ့ပြန်ဖြေရှင်းရေးစနစ် တည်ဆောက်ရာ၌ ရပ်ရွာလူထုနှင့်တွေ့ဆုံဆွေးနွေးခြင်းကဏ္ဍသည် ဦးစွာပထမ မဖြစ်မနေပြုလုပ်ရမည့် အခြေခံလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ လူထုနှင့်ထိတွေ့ပြီး လက်တွေ့မေးမြန်းရာ၌ အောက်ဖော်ပြပါ ကဏ္ဍအလိုက် မေးခွန်းများ ပါဝင်သင့်ပါသည်။

**(က) ဘာသာစကား**

- ရပ်ရွာအတွင်း လူအများစု သုံးစွဲသော ဘာသာစကားက ဘာလဲ?
- ရပ်ရွာလူထု၏ စာရေး/စာဖတ်နှုန်း ဘယ်လိုရှိသလဲ?
- ဒေသခံဘာသာစကားသုံးစွဲမှုတွင် စကားလုံးအသုံးပြုမှုနှင့်ပတ်သက်၍ သတိထားရမည့်အချက်များ ရှိပါသလား?

**(ခ) သတင်းအချက်အလက် လက်လှမ်းမီရရှိနိုင်မှု**

- သင့်ရပ်ရွာအတွင်း သတင်းအချက်အလက်များကို ပုံမှန်အားဖြင့် ဘယ်နေရာမှ ရယူပါသလဲ?
- သင့်အမြင်အရ ယုံကြည်စိတ်ချနိုင်သော အချက်အလက်ရင်းမြစ်များဆိုသည်မှာ ဘယ်လိုမျိုးအရာတွေလဲ၊ ဘာကြောင့်လဲ?

**(ဂ) ရိုးရာ / ထုံးစံစနစ်**

- သင့်ရပ်ရွာအတွင်းအကြံပြုချက်၊ သဘောထားများပေးခြင်း (သို့မဟုတ်) တောင်းဆိုတိုင်တန်းခြင်းများ ပြုလုပ်လေ့ရှိပါသလား?
- တိုင်တန်းခြင်းများနှင့်ပတ်သက်၍ တားမြစ်ချက်များ ရှိပါသလား?
- ဒေသတွင် မိရိုးဖလာတိုင်ကြားခြင်းစနစ် တစ်ခုခု ရှိပါသလား? ရှိလျှင်၊ ပုံမှန်/တရားဝင် (သို့မဟုတ်) ပုံမှန်မဟုတ် /တရားမဝင် ဖြစ်ပါသလား?
- ဘယ်လိုအကြောင်းအရာများ တိုင်တန်းလေ့ရှိပြီး မည်သို့ ကိုင်တွယ်ပါသလဲ?
- သင့်ရပ်ရွာတွင် သတိထားရမည့် အကြောင်းအရာ သို့မဟုတ် အမှုအရာများ ရှိပါသလား?

**(ဃ) အကြံပြုချက်၊ တိုင်တန်းခြင်းများနှင့် တုံ့ပြန်မှုများ။**

- ယခင်က ရပ်ရွာအတွင်းမှ အများအားဖြင့် မည်သည့်အကြောင်းအရာများကို တောင်းဆိုခဲ့ပါသလဲ?
- ထိုအကြောင်းအရာများကို ဖြေရှင်းရန် ဘာများပြုလုပ်ခဲ့ပါသလဲ?
- သင်သည် တိုင်တန်းမှုပြုလုပ်ခြင်း (သို့မဟုတ်) အကြံပြုချက်ပေးခြင်းကို မည်သို့လုပ်ဆောင်ရမည်ကို သိပါသလား?
- သင့်အနေနဲ့ အဖွဲ့များ၏ လုပ်ငန်းများအပေါ် တိုင်တန်းခွင့်ရှိသည်ဟု ထင်ပါသလား?
- သင်တို့မှ ရပ်ရွာတွင် လာရောက်ဆောင်ရွက်သော အဖွဲ့များအား အကြံပြုချက်၊ တိုင်တန်းခြင်းများ ပြုလုပ်ခဲ့ဖူးပါသလား?
- အကြံပြုချက်၊ တိုင်တန်းခြင်းများ ပြုလုပ်ခဲ့လျှင်လည်း ၎င်းအဖွဲ့မှ သင့်တောင်းဆိုမှုများအပေါ် တုံ့ပြန်ပေးခဲ့ပါသလား?

### (င) တိုင်ကြားနိုင်သည့် နည်းလမ်းများ။

- သင့်၏ရပ်ရွာက အသုံးပြုနိုင်ပြီး နှစ်သက်သည့်လမ်းကြောင်းက ဘယ်လိုလမ်းကြောင်းမျိုးပါလဲ?
- သင့်ရပ်ရွာအတွင်းမှာ သတင်းအချက်အလက်တွေကို ရယူဖို့ ပိုပြီးခက်ခဲနေကြသူများ ရှိပါသလား? သူတို့က ဘယ်လိုလူတွေဖြစ်ပြီး ဘယ်လိုအခက်အခဲတွေ ကြုံတွေ့နေကြရပါသလဲ?
- သင့်ရပ်ရွာအနေနဲ့ကော တုံ့ပြန်ချက်ပြန်ရတာမျိုး လိုချင်ပါသလား၊ လိုချင်သည်ဆိုပါက ဘယ်လိုပုံစံနဲ့ ပြန်ကြားပေးတာကို အထူးနှစ်သက်ပါသလဲ?
- တိုင်ကြားစာမှာ အမည်ပြထားခြင်း/မပြထားခြင်းတို့ထဲမှာ ဘယ်ဟာက သင့်ရပ်ရွာအတွက် ပိုမိုအဆင်ပြေပါသလဲ? အထူးသဖြင့် ဤအချက်နှင့်ပတ်သက်၍ အတွေ့အကြုံတစ်ခုခုရှိထားလျှင် အဲဒီအကြောင်း ပြောပြပေးပါ။
- သင့်မှာ အဖွဲ့ကို မေးချင်သည့်မေးခွန်းများ/တိုင်ကြားလိုသည့်အရာများ ရှိခဲ့ရင် ဘယ်လိုနည်းနဲ့ တိုင်ကြားရင် အဆင်ပြေမယ်လို့ ခံစားရပါသလဲ?

## ၃.၅.၃ တိုင်ကြားရေး လမ်းကြောင်းများ။

အဖွဲ့အစည်းသည် ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပူးပေါင်းလုပ်ဆောင်သူများအနေဖြင့် လုံခြုံမှုရှိပြီး သက်ဆိုင်ရာ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းနိုင်သည့် တိုင်ကြားရေးလမ်းကြောင်းများ ထားရှိရမည်။ ထိုလမ်းကြောင်းများမှတစ်ဆင့် မည်သို့သော စိုးရိမ်မှုများကိုမဆို တိုင်ကြားနိုင်ရန် အခွင့်အလမ်း ပေးထားသည်။ ဤတိုင်ကြားမှုလမ်းကြောင်းများမှ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများနှင့် အကြမ်းဖက်မှုများ၊ လိမ်လည်မှု၊ အလွဲ သုံးစားမှု (သို့မဟုတ်) အခြားမသင့်လျော်သည့် လုပ်ရပ်များအပါအဝင် မည်သည့်ကိစ္စရပ်များကိုမဆို တိုင်ကြားနိုင်ပါသည်။

တိုင်ကြားရေးစနစ်များကို သံသယမဖြစ်စေရန် ပွင့်လင်းမှုနှင့်တာဝန်ယူမှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ဖန်တီးထားသည်။ လူမှုအသိုင်းအဝိုင်းအတွင်း မတူညီသော လိုအပ်ချက်များ၊ စာတတ်မြောက်မှုအနေအထား၊ ယဉ်ကျေးမှုကွာခြားချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်ထားပြီး အောက်ပါလမ်းကြောင်းများဖြင့် တိုင်ကြားနိုင်ပါသည်။

- သီးသန့် တိုင်ကြားနိုင်သည့် အရေးပေါ်ဖုန်းလိုင်း (Hotline)။
- သတ်မှတ်ထားသော တာဝန်ရှိသူ (Focal Point) သို့ တိုက်ရိုက်တိုင်ကြားခြင်း။
- အီးမေးလ်ဖြင့် ပေးပို့တိုင်ကြားခြင်း။
- အဝင်အထွက်လွယ်ကူပြီး သင့်တော်လွယ်ကူလုံခြုံသည့်နေရာများ၌ ထားရှိပေးထားသော အမည်ဖော်ပြရန် မလိုအပ်သည့် အကြံပြု စာတိုက်ပုံးများ။

ဤတိုင်ကြားမှုလမ်းကြောင်းများကို ထိရောက်မှုရှိစွာ လည်ပတ်နိုင်စေရန်အတွက် လုပ်ဆောင်ချက်များနှင့် တာဝန်ရှိသူများကို အောက်ပါအတိုင်း နမူနာဇယားပုံစံကို သတ်မှတ်ထားသင့်ပါသည်။

| လုပ်ဆောင်ချက် | တာဝန်ရှိသူ | အချိန်ဇယား | လိုအပ်သော အရင်းအမြစ်များ |
|---|---|---|---|
| တိုင်ကြားနိုင်သည့် အရေးပေါ်ဖုန်းလိုင်း တည်ထောင်ခြင်း | လုံခြုံရေးတာဝန်ခံ | ပထမ သုံးလပတ်(Q1) | စီစဥ်ထားသော ဘဏ္ဍာရေး သုံးစွဲမှု |
| တိုင်ကြားမှု နည်းလမ်းများအပေါ် ဝန်ထမ်းများကို သင်တန်းပေးခြင်း | လူ့စွမ်းအား အရင်းအမြစ် ဌာန/PSEA တာဝန်ခံ | ဒုတိယ သုံးလပတ်(Q2) | အဖွဲ့အတွင်း သင်ကြားသူ |

အထက်ပါလုပ်ဆောင်ချက်များသည် တိုင်ကြားရေးစနစ်ကို ထိရောက်စွာ လည်ပတ်ထိန်းသိမ်းရန်၊ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် တုံ့ပြန်နိုင်စေရန် ရည်ရွယ်ပါသည်။ ဝန်ထမ်းများအား တိုင်ကြားမှုများကို စနစ်တကျကိုင်တွယ်ရန် လေ့ကျင့်သင်ကြားခြင်းများကို ပုံမှန်လုပ်ဆောင်ထားပြီး၊ လျှို့ဝှက်ထိန်းသိမ်းမှုနှင့် နစ်နာသူဗဟိုပြုနည်းလမ်းများကို လိုက်နာသုံးစွဲကာ တိုင်ကြားမှုတိုင်းကို လေးစားတန်ဖိုးထားခြင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ကိုင်တွယ်နိုင်အောင် ကြိုးပမ်းရပါမည်။

**တိုင်ကြားနိုင်သော လမ်းကြောင်းများ။ ။**

| လမ်းကြောင်း | ဆက်သွယ်ရန် အချက်အလက်များ | လျှို့ဝှက်မှုအဆင့် |
|---|---|---|
| ဟော့လိုင်း (Hotline) | နံပါတ် - ၀၉ ၄၀၅၁၄ ၉၆၁၆ အသံဖိုင်/စာတို ပေးပို့ခြင်း | လျှို့ဝှက်ထားသည် |
| အီးမေးလ် (Email) | အီးမေးလ်လိပ်စာ mmrpsea@unfpa.org | လျှို့ဝှက်ထားသည် |
| အကြံပြုစာတိုက်ပုံး (Suggestion Box) | တည်နေရာ (သို့မဟုတ်) ရရှိနိုင်သောအချိန် (မိုဘိုင်းခရီးစဥ်အတွင်း) | အမည်မဖော်လိုသူ |
| အခြား | | လျှို့ဝှက်ထားသည် |

## ၃.၅.၄ တိုင်ကြားချက် ကိုင်တွယ်မှု လုပ်ထုံးလုပ်နည်း။

တိုင်ကြားချက်များကို ကိုင်တွယ်ရာတွင် လူ့အခွင့်အရေးများကိုအခြေခံသည့် ကိုင်တွယ်ဖြေရှင်းနည်း၊ ရှင်သန်ကျန်ရစ်သူများအား ဗဟိုပြုအလေးထားသော နည်းလမ်းများ၊ ဘေးကင်းလုံခြုံမှုနှင့် အရေးပေါ်လိုအပ်ချက်များကို ဦးစားပေးခြင်းများကို (ထိခိုက်မှုမရှိစေရေး (Do No Harm)) ကိုင်တွယ်ဖြေရှင်းနည်းများကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်သည့်အပြင် လက်ခံရရှိလာသည့် သတင်းအချက်အလက် အကြောင်းအရာများ အားလုံးကို သေချာစွာ လျှို့ဝှက်ထိန်းသိမ်းပေးခြင်း၊ ဆက်လက်ရှင် သန်ကျန်ရစ်သူထံမှ ခွင့်ပြုချက်များရယူခြင်းနှင့် အချိန်မီ တုံ့ပြန်လုပ်ဆောင်ရန် လိုအပ်ပါသည်။ လုပ်ဆောင်ရမည့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) တိုင်ကြားမှုအား လက်ခံရရှိခြင်း။

အတည်ပြုထားသည့် တိုင်ကြားမှုလမ်းကြောင်းများမှ တင်သွင်းလာသော တိုင်ကြားချက်များအားလုံးကို လက်ခံရမည်။ တိုင်ကြားသူအနေဖြင့် လုံခြုံမှုနှင့် လေးလေးစားစား လက်ခံရယူမှု ခံစားစေနိုင်စေရန် တာဝန်ရှိသူများသည် အထူးသတိထား၍ တုံ့ပြန်ရမည်။

### (ခ) မှတ်တမ်းတင်ပြီး လက်ခံကြောင်းအတည်ပြုခြင်းနှင့် ရှင်သန်ကျန်ရစ်သူအတွက် အရေးပေါ်အကူအညီ လိုအပ်ခြင်း ရှိ/မရှိ (သို့မဟုတ်) အရေးပေါ်အကူအညီ ရရှိခဲ့ခြင်း ရှိ/မရှိကို မေးမြန်း မှတ်တမ်းတင်ခြင်း။

တိုင်ကြားမှုကို လုံခြုံသည့် PSEA ဆိုင်ရာ တိုင်ကြားမှုပုံစံမှတ်တမ်းစာရင်းထဲ၌ မှတ်တမ်းတင်သည်။

### (ဂ) စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ခြင်း (လိုအပ်သည့်အခါ)

ကျူးလွန်မှု အကြောင်းအရာသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် သင်တန်းရရှိပြီး ကျွမ်းကျင်ပိုင်နိုင်စွာစုံစမ်းနိုင်သည့် အဖွဲ့သို့ ညွှန်းပို့ပေးအပ်သည်။ စုံစမ်းမှုအားလုံးကို အခြားသူမသိမြင်စေရန် PSEA စံနှုန်းများအတိုင်း ဆောင်ရွက်ရမည်။

### (ဃ) လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုလုပ်မှုကြောင့် ထိခိုက်ခံစားရသည့် ဆက်လက်ရှင်သန်ကျန်ရစ်သူအား ကူညီထောက်ပံ့မှုပေးခြင်း။

တိုင်ကြားမှုအား စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေစဉ်တစ်လျှောက်လုံးတွင် စိုးရိမ်ပူပန်မှုမရှိစေရန် ဆေးပညာပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကူညီမှုများ၊ ဥပဒေလိုအပ်ချက် အကြံပေးမှုနှင့် လုံခြုံရေးအစီအစဉ်များကို ရှင်သန်ကျန်ရစ်သူ၏ ရွေးချယ်ခွင့်နှင့် သဘောထားအပေါ်အခြေခံ၍ ပံ့ပိုးကူညီသည်။ အကယ်၍ ရှင်သန်ကျန်ရစ်သူမှ ပံ့ပိုးကူညီမှုပေးခြင်းကို ငြင်းပယ်လျှင်လည်း ရရှိနိုင်သည့်ကူညီထောက်ပံ့မှုများ (သို့မဟုတ်) ဝန်ဆောင်မှုများကို ပြောပြထားရန်လိုအပ်ပါသည်။ ပံ့ပိုးမှုများသည် ရှင်သန်ကျန်ရစ်သူ၏ဆန္ဒ၊ အသိပေးသဘောတူညီမှုနှင့် အကျိုးအမြတ်အားသာချက်များအပေါ် အခြေခံ၍ ပေးအပ်ရမည်။ အောက်ပါဝန်ဆောင်မှုများကို တိုက်ရိုက်ဖြစ်စေ (သို့မဟုတ်) ကိုယ်စားလှယ်လမ်းကြောင်းများမှတဆင့်ဖြစ်စေ ပံ့ပိုးရမည်။

**ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ**

- ချက်ချင်း ဆေးကုသမှု၊
- ထိခိုက်ဒဏ်ရာ ကုသမှု၊
- အရေးပေါ် သန္ဓေတားဆေး၊
- သက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များထံ လွှဲပြောင်းပေးပို့ခြင်း။

**စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု**

- စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊
- အကြံပေးခြင်းနှင့် စိတ်ခံစားမှုများကို ကူညီပေးမှု၊
- ရေရှည် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ။

**ဥပဒေဆိုင်ရာ အကူအညီ**

- ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်၊
- လုံခြုံမှု/ကန့်သတ် ဆောင်ရွက်ရာနေရာများသို့ ဝင်ရောက်ဆောင်ရွက်နိုင်ရန် အကူအညီ၊
- ဥပဒေအကူအညီပေးနိုင်သည့် ကျွမ်းကျင်သော ဝန်ဆောင်မှုပေးသူများသို့ လွှဲပြောင်းပေးခြင်း။

**(င) အမှုကိစ္စပြီးမြောက်စေပြီး တိုင်ကြားသူထံ ပြန်လည်အကြောင်းကြားခြင်း။**

တိုင်ကြားမှုကို တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းစဉ်အားလုံး ပြီးမြောက်သောအခါ အရေးယူမှုနှင့် ရလဒ်များကို မှတ်တမ်းတင်ပြီး အမှုကိစ္စကို ပိတ်သိမ်းရမည်။ လျှို့ဝှက်သေချာမှုနှင့် လုံခြုံရေးစံနှုန်းများကို လေးစားလျက် တိုင်ကြားသူထံ ပြန်လည်အကြောင်းကြားခြင်းများ ပြုလုပ်မည်။

## ၃.၆။ တုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

အဖွဲ့အစည်း၏ တုံ့ပြန်မှုလုပ်ထုံးလုပ်နည်းများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်း (SEA) ဆိုင်ရာ တိုင်ကြားချက်များအားလုံးကို အချိန်မှန်၊ လုံခြုံစိတ်ချရသည့် ရှင်သန်ကျန်ရစ်သူကို ဦးစားပေးတုံ့ပြန်မှုများနှင့် ကိုက်ညီစွာ ကိုင်တွယ်ဆောင်ရွက်နိုင်စေရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ တုံ့ပြန်မှုဆိုင်ရာ ပြုမူဆောင်ရွက်မှုများတွင် ရှင်သန်ကျန်ရစ်သူ၏ ဂုဏ်သိက္ခာ၊ လျှို့ဝှက်ထားမှုနှင့် ၎င်းတို့၏ဆုံးဖြတ်ခွင့်ကို အလေးထားကာ ဆောင်ရွက်ရမည်။

### ၃.၆.၁။ အမှုတွဲ စီမံခန့်ခွဲမှု။

ရှင်သန်ကျန်ရစ်သူများအား ပုံမှန်အတိုင်းလုံခြုံစိတ်ချစွာနှင့် လျှို့ဝှက်ထိန်းသိမ်းမှုဖြင့် အချိတ်အဆက်မိမိ သဟဇာတဖြစ်စွာ ပံ့ပိုးနိုင်စေရန် သတ်မှတ်ထားသည့် စံနှုန်းများကို လိုက်နာရမည်။

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့်မဖွယ်မရာပြုလုပ်မှုဆိုင်ရာ အမှုတွဲများ ကိုင်တွယ်ရန်အတွက် လေ့ကျင့်သင်တန်းပေးထားသည့် ကျွမ်းကျင်သော Caseworker တစ်ဦး ခန့်အပ်ခြင်း။
- အန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာ အကဲဖြတ်မှုများကို ဆက်လက်လုပ်ဆောင်ခြင်း။
- လုပ်ဆောင်ချက်များအားလုံးကို လုံခြုံသည့် လျှို့ဝှက်စနစ်ထဲတွင် မှတ်တမ်းတင်ခြင်း။
- အဖွဲ့အစည်းတွင်း ဌာနအလိုက် သက်ဆိုင်ရာများ၊ ပြင်ပဝန်ဆောင်မှုပေးသူများနှင့် သဟဇာတဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ခြင်း။
- ရှင်သန်ကျန်ရစ်သူ၏ဆန္ဒနှင့် ဦးစားပေးမှုအတိုင်း ဆက်သွယ်ညှိနှိုင်းမှုကို တိုးတက်စေခြင်း။

### ၃.၆.၂။ စုံစမ်းစစ်ဆေးမှုများ။

SEA တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးမှုများကို PSEA ဆိုင်ရာ စုံစမ်းစစ်ဆေးမှုစံနှုန်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်ရမည်။

- အမှုတွဲကိုင်တွယ်မှုအတွက် သေချာလေ့ကျင့်သင်ကြားပေးထားသည့် ကျွမ်းကျင်သောစုံစမ်းသူများ ခန့်အပ်ခြင်း၊
- လျှို့ဝှက်မှုသေချာစေပြီး ပါဝင်သူအားလုံးအပေါ် ထိခိုက်ပျက်စီးမှုများကို လျှော့ချပေးသည့် နည်းလမ်းများ အသုံးပြုခြင်း၊
- သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်းနှင့် ခိုင်မာစွာသုံးသပ်ခြင်း၊
- ရှင်သန်ကျန်ရစ်သူနှင့် သက်ဆိုင်ရာ သက်ရှိသက်သေများ၏ အခွင့်အရေး၊ လုံခြုံစိတ်ချရမှုနှင့် ဂုဏ်သိက္ခာကို လေးစားထိန်းသိမ်းခြင်း၊
- လိုအပ်ချက်အရ ပြုပြင်မှုများ (သို့မဟုတ်) အရေးယူဆောင်ရွက်မှုများသည် အဖွဲ့အစည်း၏ မူဝါဒများနှင့် ဥပဒေဘောင်အတွင်း ဖြစ်စေရန် သေချာစေခြင်း။

# ၄. ညှိနှိုင်းဆောင်ရွက်မှုနှင့် PSEA ကွန်ရက်အားကောင်းစေခြင်း။

ထိရောက်သော ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ကောင်းမွန်ခိုင်မာသည့် PSEA ကွန်ရက် များသည် အဖွဲ့အစည်းများ၊ မိတ်ဖက်များနှင့် ဝန်ဆောင်မှုပေးသူအားလုံးတွင် စည်းလုံးညီညွတ်ပြီး တသမတ်တည်းရှိသော၊ ရှင်သန်ကျန်ရစ်သူဗဟိုပြု တုံ့ပြန်မှုကိုသေချာစေရန် မရှိမဖြစ် လိုအပ်ပါသည်။ ဤကဲ့သို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုသည် တာဝန်ခံမှု/တာဝန်ယူမှုကို တိုးတက်အားကောင်းလာစေပြီး ဝန်ဆောင်မှုများလက်လှမ်းမီရရှိနိုင်မှုကို မြှင့်တင်ပေးခြင်းဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်မှုယန္တရားများကို အားကောင်းခိုင်မာစေပါသည်။

## ၄.၁။ မိတ်ဖက်ဆက်ဆံရေးနှင့် ကွန်ရက်ချိတ်ဆက်တည်ဆောက်မှု။

အဖွဲ့အစည်းသည် PSEA လုပ်ငန်းစဉ်များကို ချိတ်ဆက်ကာ တည်တံ့နိုင်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပြီး ထိန်းသိမ်းရမည်။ ဤနေရာ၌ UN အဖွဲ့များ၊ NGO များ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ကျွမ်းကျင်ဝန်ဆောင်မှုပေးသူများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

### ၄.၁.၁။ PSEA ဆိုင်ရာအသိုင်းအဝန်းကို ဖွဲ့စည်းတည်ဆောက်ခြင်း။

လုပ်ငန်းဆောင်ရွက်သည့် နယ်မြေဒေသအတွင်း စုပေါင်းကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီရန်အတွက် PSEA အသိုက်အဝန်းကို ထူထောင်ရမည်။ တာဝန် နှင့် ဝတ္တရားများမှာ

- အဖွဲ့ဝင်များအကြား ပုံမှန်ဆက်သွယ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ချမှတ်ခြင်း၊
- PSEA စံနှုန်းများနှင့် ကိုက်ညီသော အစီရင်ခံ/တိုင်ကြားမှု ယန္တရားများကို မြှင့်တင်ခြင်း၊
- စုပေါင်းအသိပညာပေးခြင်းလုပ်ငန်းများနှင့် ရပ်ရွာလူထု ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေရန် ပံ့ပိုးပေးခြင်း။
- လေ့ကျင့်သင်တန်းပေးခြင်းနှင့် စုပေါင်းတာဝန်ခံဆောင်ရွက်မှုများမှတစ်ဆင့် ဒေသခံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။

## ၄.၁.၂။ လွှဲပြောင်းညွှန်းပို့ လမ်းကြောင်းများ။

ရှင်သန်ကျန်ရစ်သူများသည် သင့်လျော်သော အထောက်အပံ့များ အချိန်နှင့်တပြေးညီ ရရှိကြောင်း သေချာစေရန် ရှင်းလင်းပြီး အသုံးဝင်သော ညွှန်းပို့လွှဲပြောင်းရေး လမ်းကြောင်းများ မရှိမဖြစ် လိုအပ်ပါသည်။ ၎င်းတို့ထဲတွင်

- ရရှိနိုင်သည့် ဝန်ဆောင်မှုများ (ဆေးဘက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာ၊ ကာကွယ်စောင့်ရှောက်ရေး) ကို ညွှန်းပြမြေပုံရေးဆွဲခြင်း။
- မိတ်ဖက်အဖွဲ့အစည်း အားလုံးမှ ဝင်ရောက်ကြည့်ရှုနိုင်သော ရည်ညွှန်းလမ်းညွှန်တစ်ခုကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း။
- လွှဲပြောင်းမှုလုပ်ထုံးလုပ်နည်းများသည် ဘေးကင်းလုံခြုံရေး၊ လျှို့ဝှက်ရေးနှင့် ရှင်သန်ကျန်ရစ်သူ၏ ဆန္ဒနှင့် ရွေးချယ်မှုများကို ဦးစားပေးကြောင်း သေချာစေခြင်း။
- စောင့်ရှောက်မှုအရည်အသွေး တသမတ်တည်းရှိမှုကို အာမခံရန်အတွက် ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## ၄.၁.၃။ PSEA လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းစီးဆင်းမှုပြဇယား

**အကြောင်းအရာကို မြင်တွေ့သည် / အကြောင်းကြားခြင်း**

▼

**(၁) သတင်းအချက်အလက် လက်ခံခြင်း**
(နားထောင်သည်၊ လုံခြုံမှုသေချာအောင်လုပ်သည်၊ ဖိအားမပေးပါ)

**(၂) လုံခြုံရေးနှင့် လျှို့ဝှက်ရေး ချက်ချင်းစစ်ဆေးခြင်း**
(က) ယခုလုံခြုံပါသလား? (ခ) အရေးပေါ်ကာကွယ်မှုလိုပါသလား?

လိုအပ်ပါက → အရေးပေါ်လုံခြုံရေး အထောက်အပံ့

**(၃) သတ်မှတ်ထားသော PSEA Focal Point ကို အသိပေးခြင်း။**

**(၄) အကြောင်းအရာကို လုံခြုံစွာ မှတ်တမ်းတင်ခြင်း။**
(က) စံပုံစံအသုံးပြုမှု (ခ) ကိုယ်ရေးကိုယ်တာအချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းခြင်း

(၅) Focal Point မှ အချက်အလက်များအား အမြန်သုံးသပ်ခြင်း။

(၆) သက်ဆိုင်ရာအဖွဲ့များသို့ လွှဲပြောင်း။

- ကာကွယ်ရေးအဖွဲ့၊
- ကလေးသူငယ်ကာကွယ်ရေး အရာရှိနှင့်တိုင်ပင်ခြင်း၊
- လုံခြုံစောင့်ရှောက်ရေးကော်မတီ။

(၆-က) ကြီးကြပ်သူ PSEA ညှိနှိုင်းရေးမှူးနှင့် တိုင်ပင်ခြင်း

(၇) သတ်မှတ်ထားသော လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းအတိုင်း တုံ့ပြန်ခြင်း။

- ကျန်းမာရေးအထောက်အပံ့၊
- စိတ်ပိုင်းဆိုင်ရာအထောက်အပံ့၊
- ကာကွယ်ရေးဝန်ဆောင်မှု၊
- ဥပဒေ/ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (လိုအပ်ပါက)။

(၈) PSEA Focal Point မှ Follow-Up ပြုလုပ်ခြင်း။

- ကျန်းမာရေး/လုံခြုံရေး အခြေအနေကို ပြန်စစ်ဆေး။
- Refer လုပ်ထားသည့်ဝန်ဆောင်မှုများ တုံ့ပြန်မှုရှိ /မရှိ စစ်ဆေး။

(၉) မှတ်တမ်းတင်ပြီး အမှုတွဲပိတ်သိမ်းခြင်း။

- အားလုံးပြီးမြောက်သည့်အခါ အမှုတွဲကို ပိတ်ခြင်း
- သင်ခန်းစာယူရန် ပြန်လည်သုံးသပ်ခြင်း

## ၄.၂။ PSEA ကွန်ရက် အခန်းကဏ္ဍများ။

PSEA ကွန်ရက်သည် လူသားချင်းစာနာထောက်ထားမှု (သို့မဟုတ်) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သော အဖွဲ့အစည်းအားလုံးအတွက် ချဉ်းကပ်မှုများကို သဟဇာတဖြစ်အောင်ပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်းနှင့် တာဝန်ခံမှုကို မြှင့်တင်ခြင်းအတွက် တာဝန်ရှိသော စုပေါင်းအဖွဲ့အစည်းတစ်ခုအဖြစ် လုပ်ဆောင်သည်။

### ၄.၂.၁။ ကုလသမဂ္ဂအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

PSEA ကွန်ရက်သည် ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားမိတ်ဖက်များနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရမည်။

- PSEA မဟာဗျူဟာများနှင့် လုပ်ငန်းလည်ပတ်မှု အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။
- လျှို့ဝှက်ချက်ကို တန်ဖိုးထားလေးစား၍ သတင်းအချက်အလက်နှင့် ပေးပို့မည့်လမ်းကြောင်းများကို မျှဝေခြင်း။
- ပူးတွဲသင်တန်းများ၊ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်မှုများနှင့် သတင်းအချက်အလက် မျှဝေခြင်းဆိုင်ရာ လူထုပွဲများတွင် ပါဝင်ခြင်း။
- အစီရင်ခံရေးလမ်းကြောင်းများကို အားကောင်းစေပြီး အဖွဲ့အစည်းများအကြား ညွှန်းပို့လွှဲပြောင်းရေး လမ်းကြောင်းများအား တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခြင်း။
- ကမ္ဘာလုံးဆိုင်ရာ PSEA စံနှုန်းများနှင့် အေဂျင်စီများအကြား ကတိကဝတ် သဘောတူညီချက်များအား လိုက်နာမှုကို မြှင့်တင်ခြင်း။

## ၄.၃။ PSEA ကွန်ရက်အဖွဲ့များလုပ်ဆောင်ရန် လမ်းညွှန်ချက်များနှင့် စံပြုလုပ်ငန်းစဉ်များ။

ဤအပိုင်းတွင် PSEA ကွန်ရက်အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးပို့မှု စနစ်များနှင့် တားဆီးကာကွယ်ရေးလုပ်ဆောင်မှုများကို ပိုမိုခိုင်မာပြီး ထိရောက်စွာဆောင်ရွက်နိုင်ရန် လက်တွေ့ကျသော လမ်းညွှန်ချက်များ (သို့မဟုတ်) စံပြုလုပ်ငန်းစဉ်များ၊ ရှင်သန်ကျန်ရစ်သူအား ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီမှုများကို အထောက်အကူပြုစေရန် မြေပုံရေးဆွဲခြင်းနှင့် ရလဒ်များကို မိတ်ဖက်များနှင့်မျှဝေခြင်းတို့ လိုအပ်ပါသည်။ ၎င်းသည် အကျိုးခံစားခွင့်ရှိသူ ရပ်ရွာလူထုကို ကာကွယ်ပေးနိုင်ရန်အတွက် အဖွဲ့အစည်းများက လုံခြုံစိတ်ချရပြီး တာဝန်ယူမှုရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာကိုင်တွယ်နိုင်ရန် ရည်ရွယ်ပါသည်။

### ၄.၃.၁။ PSEA ကွန်ရက်မိတ်ဖက်အဖွဲ့များ လုပ်ဆောင်ရန် အကြံပြုလမ်းညွှန်ချက်များ။

မိမိဒေသတွင်း၌ PSEA အသိုက်အဝန်းကွန်ရက်အား ဖွဲ့စည်းတည်ဆောက်ပြီးစီးသည့်အခါ ကွန်ရက်အဖွဲ့ ဖွံ့ဖြိုးတိုးတက် သက်ဝင်လှုပ်ရှားပြီး ရေရှည်တည်တံ့စေရန်အတွက် အဖွဲ့အစည်း၏ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲသတ်မှတ်ထားရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

**အဆင့် (၁)။ ။ ဒေသတွင်း မိတ်ဖက်အဖွဲ့များ၏ ဝန်ဆောင်မှုများကို မြေပုံရေးဆွဲခြင်း။**

ဒေသတွင်း မိတ်ဖက်အဖွဲ့များ၏ PSEA ဆိုင်ရာ ဆောင်ရွက်ပေးနိုင်မှုကို ဝင်ရောက်ဆောင်ရွက်နေသော စီမံချက် နယ်မြေများနှင့် ဝန်ဆောင်မှုအမျိုးအစားများကို အဖွဲ့အမည်များနှင့်တကွ ရေးဆွဲထားရမည်။ အပြောင်းအလဲရှိလျှင် လည်း ပုံမှန်ဆန်းစစ်၍ ပြုပြင်ထားသင့်ပါသည်။ (မှတ်ချက်။ ။ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များ ဖြစ်သဖြင့် သဘောတူခွင့်ပြုချက် ရရှိထားပြီးမှသာ ကောက်ခံရမည်။)

**အဆင့် (၂)။ ။ မိတ်ဖက်အဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ထားခြင်း။**

မိတ်ဖက်အဖွဲ့ဝင်များ၏ တာဝန်ယူရမည့် အဓိကလုပ်ငန်းများကို ခွဲဝေသတ်မှတ်ရမည်။ ဥပမာ (မှတ်တမ်းတင်ခြင်း၊ PSEA ကွန်ရက် သက်ဆိုင်ရာအဖွဲ့များသို့ လွှဲပြောင်းပေးခြင်း၊ အစည်းအဝေး အစီအစဥ်များကို ရေးဆွဲဖြန့်ဝေခြင်း၊ အစည်းအဝေးမှတ်တမ်းတင်ခြင်း အစရှိသဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို စနစ်တကျသတ်မှတ်ထားရ မည်။)

**အဆင့် (၃)။ ။ မိတ်ဖက်အဖွဲ့ဝင်များအကြား ပုံမှန်တွေ့ဆုံပွဲများ ပြုလုပ်ခြင်း။**

တွေ့ဆုံပွဲများတွင် ဆွေးနွေးရန်အကြောင်းအရာများကို အမှတ်စဥ်ထိုး၍ ဖော်ပြထားရမည်။ (၁) အလေ့အကျင့် ကောင်းများကိုတင်ပြခြင်း၊ (၂) လက်ရှိလုံခြုံရေးအခြေအနေများ၊ (၃) အတွေ့အကြုံများကိုဖလှယ်ခြင်း၊ (၄) လုပ်ငန်း အသစ်/နယ်မြေသစ်များချဲ့ထွင်ပါကတင်ပြရန်၊ (၅) စိန်ခေါ်မှုများနှင့် (၆) မည်ကဲ့သို့ကျော်လွှားခဲ့ပုံ အစရှိသည်ဖြင့် သတ်မှတ်ထားပါ။

**အဆင့် (၄)။ ။ မိတ်ဖက်အဖွဲ့ဝင်များအကြား လုပ်ငန်းအစီအစဥ်များ အတည်ပြုခြင်း။**

မိတ်ဖက်အဖွဲ့ဝင်များ၏ အများသဘောတူ အတည်ပြုထားသော လုပ်ငန်းများအား မှတ်တမ်းတင်ထားပါ။ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မည် ဆိုသည်ကိုလည်း ထည့်သွင်းဖော်ပြပါ။

**အဆင့် (၅)။ ။ မိတ်ဖက်အဖွဲ့ဝင်များအတွင်း လုပ်ငန်းအစီအစဥ်များအား အကောင်အထည် ဖော်ခြင်း။**

အတည်ပြုထားသော လုပ်ငန်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ပါ။

**အဆင့် (၆)။ ။ မိတ်ဖက်အဖွဲ့ဝင်များအတွင်း သတင်းအချက်အလက်များ အသိပေး ဖြန့်ဝေခြင်း။**

ကွန်ရက်မိတ်ဖက်အဖွဲ့အစည်း၏ အစည်းအဝေးမှတ်တမ်းများကို သက်ဆိုင်သူများထံ သင့်လျော်သော နည်းလမ်း ဖြင့် ဝေမျှပေးပါ။

**အဆင့် (၇)။ ။ မိတ်ဖက်အဖွဲ့ဝင်များအတွင်း နောက်ထပ်တွေ့ဆုံမှုအတွက် နေ့ရက်နှင့်အချိန် သတ်မှတ်ခြင်း။**

သက်ဆိုင်ရာ အဖွဲ့များအားလုံး ပါဝင်နိုင်ရန်အတွက် အစီအစဥ်များကို ကြိုတင်အသိပေးထားပြီး နောက်ဆက်တွဲ သတိပေးမှုများ ပြုလုပ်ပေးပါ။

**အဆင့် (၈)။ ။ ဆွေးနွေးအကြံပြုရန် လိုအပ်သောအချက်များကို မှတ်သားထားခြင်း။**

မိတ်ဖက်အဖွဲ့ဝင်များအကြား ထွက်ရှိလာသောရလဒ်များ၊ သင်ခန်းစာများကို National PSEA Network နှင့် ချိတ်ဆက်ဆွေးနွေး၍ အကြံပြုချက်များရယူနိုင်ရန် မှတ်တမ်းတင် သိမ်းဆည်းထားပါ။

**အဆင့် (၉)။ ။ ကွန်ရက်အဖွဲ့၏ တိုးတက်မှုများကို သုံးသပ်ခြင်း။**

အဖွဲ့၏ တိုးတက်မှု၊ အားသာချက်၊ အားနည်းချက်၊ သင်ခန်းစာများမှတစ်ဆင့် လိုအပ်သည်များကို ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်ပါ။

# ၅။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်း (MEL)

မိမိဒေသတွင်း၌ PSEA အသိုက်အဝန်းကွန်ရက်အား ဖွဲ့စည်းတည်ဆောက်ပြီးစီးသည့်အခါ ကွန်ရက်အဖွဲ့ ဖွံ့ဖြိုးတိုးတက် သက်ဝင်လှုပ်ရှားပြီး ရေရှည်တည်တံ့စေရန်အတွက် အဖွဲ့အစည်း၏ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲသတ်မှတ်ထားရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ၅.၁။ ညွှန်းကိန်းများ။

PSEA နှင့်ဆက်စပ်သော ညွှန်းကိန်းများကို သတ်မှတ်ထားပြီး ပုံမှန်စောင့်ကြည့် အကဲဖြတ်ခြင်းမှတစ်ဆင့် ကာကွယ်ရေးနှင့်တုံ့ပြန်မှုယန္တရားများ၏ ထိရောက်မှုနှင့်အရည်အသွေးကို တိုင်းတာသုံးသပ်ရန်လိုအပ်သည်။ အဓိက ညွှန်းကိန်းများတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- PSEA မူဝါဒများနှင့် အစီရင်ခံမှုယန္တရားများအကြောင်း လေ့ကျင့်သင်ကြားပေးထားသော ဝန်ထမ်းနှင့် မိတ်ဖက် အရေအတွက်။
- သတ်မှတ်ထားသော အချိန်ဇယားများအတွင်း တိုင်ကြားချက်များ၏ ရာခိုင်နှုန်း။
- ရှင်သန်ကျန်ရစ်သူ အကူအညီပေးရေးဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် လက်လှမ်းမီမှု။
- အစီရင်ခံတင်ပြခြင်း လမ်းကြောင်းများ၏ ဘေးကင်းလုံခြုံ လက်လှမ်းမီမှု။
- ထိခိုက်ခံရသော အသိုင်းအဝိုင်းများကြားတွင် PSEA အကြောင်း သိရှိနားလည်မှု အဆင့်။
- သဘောတူညီထားသော PSEA စံနှုန်းများနှင့် သတ်မှတ်ချက်များနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများ၏ လိုက်နာမှု။

ဤအညွှန်းကိန်းများကို သီးခြားလုပ်ငန်းလည်ပတ်မှုဆိုင်ရာ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုလုပ်ပြီး နှစ်စဉ် ပြန်လည်သုံးသပ်သင့်သည်။

| နယ်ပယ် | အညွှန်းများ | ရည်ရွယ်ချက် |
|---|---|---|
| သင်တန်းပေးခြင်း | • PSEA သင်တန်း တက်ရောက်ပြီးသော ဝန်ထမ်း အရေအတွက် (%) ။<br>• PSEA ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (ဥပမာ - Agora လက်မှတ် ရရှိထားသူ အရေအတွက်) | အဖွဲ့အစည်းဝန်ထမ်းများ၏ PSEA ဆိုင်ရာ လေ့ကျင့်မှုနှင့် နည်းပညာ ကျွမ်းကျင်မှုအား တိုင်းတာခြင်း။ |
| တိုင်ကြားရေး ယန္တရား | • SEA နှင့်ပတ်သက်သည့် တိုင်ကြားစာ အရေအတွက်။<br>• SEA တိုင်ကြားစာများကို တုံ့ပြန်ရန် ပျမ်းမျှ ကြာချိန်။<br>• ရှင်သန်ကျန်ရစ်သူ ဗဟိုပြု၍ ဖြေရှင်းပေးခဲ့သည့် အမှု/ကူညီလွှဲပြောင်းပေးခဲ့သည့် အမှု အရေအတွက်။ | တိုင်ကြားရေး ယန္တရားများအား လက်လှမ်းမီနိုင်မှုနှင့် ထိရောက်မှု အရည်အသွေးကို တိုင်းတာခြင်း။ |
| အသိပညာ မြှင့်တင်မှု | PSEA အသိပညာရရှိထားသည့် ရပ်ရွာလူထု အရေအတွက်။ | ရပ်ရွာလူထု၏ အသိပညာ ရရှိထားမှုအား တိုင်းတာခြင်း။ |
| အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ဆိုင်ရာ | • အဖွဲ့အစည်းတွင် PSEA ဆိုင်ရာမူဝါဒများ ရှိထားခြင်း။<br>• PSEA သည် HR မူဝါဒများ/စာချုပ် များတွင် ပါဝင်ခြင်း။<br>• PSEA focal point ရှိခြင်း။<br>• နှစ်စဉ် (သို့) သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုတွင် PSEA သင်တန်း/မွမ်းမံသင်တန်း ပြုလုပ်ခြင်း။ | အဖွဲ့အစည်း၏ PSEA နှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုနှင့် လက်တွေ့လုပ်ဆောင် အကောင်အထည် ဖော်နိုင်မှု ဆန်းစစ်ခြင်း။ |

## ၅.၂. အသုံးချ ကိရိယာများ။

အဖွဲ့အစည်း၏ PSEA ကိုက်ညီမှုအား စောင့်ကြည့်လေ့လာဆန်းစစ်ရာတွင် အသုံးပြုနိုင်သောကိရိယာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ကိရိယာများ | အသုံးပြုခြင်း |
|---|---|
| တိုက်ဆိုင် စစ်ဆေးမှုစာရင်း။ (Checklist) | • အဖွဲ့အစည်းအတွင်း PSEA မူဝါဒနှင့် ဆက်စပ်မူဝါဒများ ရှိ/မရှိ ။<br>• အဖွဲ့အစည်းအတွင်း တိုင်ကြားရေးယန္တရားများ တည်ဆောက်ထားမှု ရှိ/မရှိ။<br>• ဝန်ထမ်းများအနေဖြင့် PSEA မူဝါဒနှင့် ဆက်စပ်ဝါဒများ၊ တိုင်ကြားရေး ယန္တရားများအား သိရှိထားမှု ရှိ/မရှိ။<br>• မူဝါဒများနှင့်ပတ်သက်၍ ဝန်ထမ်းများအတွက် သင်တန်းများ၊ မွမ်းမံ သင်တန်းများ ပြုလုပ်မှု ရှိ/မရှိ။<br>• ဝန်ထမ်းများအနေဖြင့် သိရှိထားသော မူဝါဒများကို လက်တွေ့ လိုက်နာမှု ရှိ /မရှိ။<br>• ရပ်ရွာလူထုအား PSEA တိုင်ကြားရေးယန္တရားဆိုင်ရာ အသိပညာများ ဖြန့်ဝေထားမှု ရှိ/မရှိ။ |
| သင်တန်း / အသိပညာပေးပွဲ တက်ရောက်သူ စာရင်း။ | PSEA အသိပညာပေးဆွေးနွေးပွဲများတွင် ပါဝင်မှုများအား အတည်ပြုနိုင်ရန်။ |
| သင်တန်း အကြို/အပြီး ဆန်းစစ်လွှာ။ | ဝန်ထမ်းများ၏ PSEA အသိပညာရရှိမှု၊ နည်းပညာကျွမ်းကျင်မှုပိုင်းဆိုင်ရာ တိုးတက်လာမှုများအား သိရှိနိုင်ရန်။ |
| ဆန်းစစ်လွှာများ။ (FGD, KII, Survey) | ရပ်ရွာလူထု၏ PSEA နှင့် ပတ်သက်သည့် အသိပညာရရှိမှုနှင့် တိုးတက်မှု၊ အကျိုးသက်ရောက်မှုများကို သိရှိနိုင်ရန်။ |
| ဝေဖန်အကြံပြုလွှာ။ | PSEA အလေ့အကျင့်များနှင့်ပတ်သက်၍ ရပ်ရွာအဖွဲ့ဝင်များထံမှ ထင်မြင်ချက်များ၊ အကြံပြုချက်များကို ရယူနိုင်ရန်။ |
| အကြံပြု/တိုင်ကြားမှု မှတ်တမ်း။ | လက်ခံရရှိသော တိုင်ကြားစာများ၊ နောက်ဆက်တွဲ ဆောင်ရွက်မှုများနှင့် ဖြေရှင်းမှု/လွှဲပြောင်းပေးပို့မှု အခြေအနေများကို ခြေရာခံဆန်းစစ်နိုင်ရန်။ |

## ၅.၃။ ပြန်လည်သုံးသပ်ခြင်း၊ သင်ယူခြင်းနှင့် လိုက်လျောညီထွေမှုပြုခြင်း။

### ၅.၃.၁။ ပြန်လည်သုံးသပ်ခြင်း။

ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် စဉ်ဆက်မပြတ် သင်ယူခြင်းလုပ်ငန်းစဉ်များသည် အဖွဲ့အစည်း ၏ PSEA မူဘောင်ကို ဆက်လက်ကောင်းမွန်အောင် ပြုပြင်မြှင့်တင်ရာတွင် တိုးတက် ကောင်းမွန်စေရန် ကူညီပေးပါသည်။ အဖွဲ့အစည်း၏ သင်ယူလေ့လာခဲ့သော သင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး PSEA မူဘောင်အား တိုးတက်လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ခြင်းတွင် အောက်ပါ လုပ်ငန်းအစီအစဉ်များကို ပြုလုပ်ရပါမည်။

(က) တုံ့ပြန်ချက်များမှ သင်ယူခဲ့သော သင်ခန်းစာများကို ပေါင်းစပ်ထားသည့် တရားဝင် ပြန်လည်သုံးသပ်မှုကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်ရမည်။ ထိုသို့ သုံးသပ်မှုတွင်

၁။ အမှုစီမံခန့်ခွဲမှု၊
၂။ တိုင်ကြားချက်များအား ကိုင်တွယ်ခြင်း၊
၃။ သင်တန်းတက်ရောက်ထားသူများ၏ အကဲဖြတ်မှုများ၊
၄။ လူထုထံမှရရှိလာသော တုံ့ပြန်ချက်များကိုလည်း ပြန်လည်အကဲဖြတ်၍ ထည့်သွင်းရမည်။

(ခ) သုံးသပ်မှုများမှရရှိသည့် ရလဒ်များကို မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ အစီရင်ခံစနစ်များနှင့် သင်တန်းပေးခြင်း အစီအစဉ်များတွင် ပြုပြင်တိုးတက်မှုဖြစ်စေရန် ထည့်သွင်း အသုံးပြုရမည်။

(ဂ) သင်ယူခဲ့သော သင်ခန်းစာများကို မှတ်တမ်းတင်ပြီး ဝန်ထမ်းများ၊ မိတ်ဖက်များ ၊ PSEA ကွန်ရက်များနှင့်မျှဝေပြီး အဖွဲ့အစည်းများတွင် စုပေါင်းသင်ယူမှုနှင့် တသမတ်တည်းရှိမှုကို မြှင့်တင်ရမည်။

### ၅.၃.၂။ သင်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲခြင်း။

စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်းတွင် အချက်အလက်များ စုဆောင်းခြင်းနှင့် အောင်မြင်မှုများကို တိုင်းတာခြင်းအတွက်သာမဟုတ်ဘဲ ရရှိလာသည့် အချက်အလက်များကို အခြေခံ၍ သင်ယူခြင်းနှင့်အတူ အချိန်နှင့် အမျှ ပိုမိုတိုးတက်ကောင်းမွန် လာစေရန် ပြန်လည်အသုံးချရမည်ဖြစ်သည်။

#### သင်ယူခြင်းနည်းလမ်းများ

**လုပ်ငန်းစဉ်အပြီး ပြန်လည်သုံးသပ်ခြင်း**

လုပ်ငန်းစဉ်တစ်ခု ပြီးမြောက်ပြီးနောက် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ပြီး မည်သည့်အရာများက အလုပ်ဖြစ်ခဲ့သနည်း၊ မည်သည့်အရာများက မအောင်မြင်ခဲ့သနည်း၊ အဘယ်ကြောင့် မအောင်မြင်ခဲ့သနည်း စသည်များကို ဆွေးနွေးဖော်ထုတ်ခြင်း။

**သင်ယူမှုမှတ်တမ်းများ**

ပြန်လည်သုံးသပ်မှုများ ပြုလုပ်သည့်အခါတိုင်းတွင် ရရှိလာသည့် သင်ခန်းစာများ၊ သင်ယူမှုများနှင့် အလေ့အကျင့်ကောင်းများကို မှတ်တမ်းတင်ထားရှိခြင်း။

**ဝန်ထမ်းများ၏ တုံ့ပြန်ချက်များ**

လုပ်ငန်းစဉ်တွင်ပါဝင်သည့် ဝန်ထမ်းများ၏ အတွေ့အကြုံများမှ တဆင့်သင်ယူခြင်း။

**ရပ်ရွာလူထု၏ တုံ့ပြန်ချက်များ**

ရှင်သန်ကျန်ရစ်သူအပါအဝင် ရပ်ရွာလူထု၏ သဘောထားတုံ့ပြန်ချက်များ၊ အကြံဉာဏ်များအား ရယူခြင်း။

**ပြုပြင်ပြောင်းလဲခြင်းနည်းလမ်းများ**

- ရရှိလာသည့် သင်ယူမှုများအပေါ် မူတည်၍ လုပ်ငန်းစဉ် စံသတ်မှတ်ချက်များအား ပြုပြင်မွမ်းမံခြင်း။
- အကြံပြုတိုင်ကြားရေး ယန္တရားများအား ပြောင်းလဲခြင်း (ဥပမာ-ပိုမိုသဘောပေါက်နားလည်လွယ်သော၊ လုံခြုံမှုရှိသော တိုင်ကြားရေးနည်းလမ်းများ ဖြစ်လာစေရန် ဆောင်ရွက်ခြင်း) ။
- သင်ကြားသည့်နည်းလမ်းများ၊ အသိပညာပေးသည့် နည်းလမ်းများအား ပြောင်းလဲခြင်း (နေရာဒေသ၊ ဦးတည်အုပ်စုအလိုက် ပိုမိုထိရောက်သော သင်ကြားရေးနည်းလမ်းများဖြင့် အသိပညာပေးခြင်းများကို ပြုလုပ်ခြင်း) ။
- ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အကြောင်းရင်းများနှင့် ရလဒ်များကို မှတ်တမ်းတင်ခြင်း။

စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူလေ့လာခြင်းသည် ပိုမိုကောင်းမွန်သည့် ကာကွယ်မှုကိုဖြစ်စေပြီး ရရှိလာသည့် တွေ့ရှိချက်များအပေါ် မူတည်၍ လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းသည် မိမိဝန်ဆောင်မှုပေးနေသည့် ရပ်ရွာလူထုနှင့် ယုံကြည်မှုတည်ဆောက်ရာတွင် အလွန်အရေးပါသည်။

## ၅.၄. ကိုးကားချက်များ။

ဤ PSEA လက်စွဲစာအုပ်သည် သက်ဆိုင်ရာနိုင်ငံတကာစံနှုန်းများ၊ ဒေသဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို အခြေခံထားပါသည်။ ကိုးကားချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းမှ ကာကွယ်ရန်အတွက် အထူးအစီအမံများဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက်။ (UN Secretary-General’s Bulletin on Special Measures for Protection from SEA) [https://docs.un.org/en/st/sgb/2003/13](https://docs.un.org/en/st/sgb/2003/13)

- PSEA ဆိုင်ရာ အေဂျင်စီများအကြား အမြဲတမ်းကော်မတီ (IASC) ၏ မူများနှင့် လမ်းညွှန်ချက်များ။
  https://interagencystandingcommittee.org/inter-agency-standing-committee/iasc-six-core-principles-relating-sexual-exploitation-and-abuse-2019
- အမျိုးသားကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေများ။
- အဖွဲ့အစည်းဆိုင်ရာ PSEA၊ အပြုအမူကျင့်ဝတ် (COC)၊ HR Policies နှင့် ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ။
- PSEA ကွန်ရက် လွှဲပြောင်းရေးလမ်းကြောင်းများနှင့် ဝန်ဆောင်မှုလမ်းညွှန်များ။
- သက်ဆိုင်ရာ သင်တန်းသင်ထောက်ကူပစ္စည်းများ၊ ကိရိယာများနှင့် အမှုတွဲစီမံခန့်ခွဲမှု လမ်းညွှန်ချက်များ။
- PSEA ကွန်ရက်မှ လွှင့်တင်ပေးထားသည့် စာရွက်စာတမ်းများ၊ အသုံးချကိရိယာများနှင့် အစီရင်ခံစာများ (MIMU Web Page)

  https://safeguardingsupporthub.org/documents/psea-myanmar-toolkit

## ၅.၅ နောက်ဆက်တွဲ။

- နောက်ဆက်တွဲ (က): နစ်နာသူ/ရှင်သန်ကျန်ရစ်သူ ညွှန်းပို့လွှဲပြောင်းခြင်းဆိုင်ရာ ဖောင်ပုံစံ။
- နောက်ဆက်တွဲ (ခ): PSEA မူဝါဒနှင့် ဆက်စပ်နေသော တည်ဆဲဥပဒေများ။

## နောက်ဆက်တွဲ (က)

## Inter-Agency SEA Complaint Referral Form

Name of complainant:
**(*disregard if same as victim/survivor or if the complainant wishes to remain anonymous)**

Age: Gender:

How does the complainant prefer to be contacted, if needed:

Contact details:

---

Name of SEA Victim/Survivor (if different from Complainant):

Age: Gender:

Language(s) spoken:

Name(s) and address of parent(s)/legal guardian(s), if victim/survivor is under 18:

Has the victim/survivor (or parent / legal guardian) given their informed consent to the completion of this form? yes ( ) no ( )

Has the victim/survivor been informed of the process, their rights, and how the information in this form will and can be used? yes ( ) no ( )

---

How does the survivor prefer to be contacted (details):

---

Date of incident(s):

Type of incident(s): Sexual exploitation ( ) / Sexual abuse ( )

Location of incident(s):

Brief description of incident(s) (*only if voluntarily provided by the victim/survivor after their informed consent or provided by the complainant if different from the victim/survivor)

Name of alleged perpetrator(s):

Age: Gender:

Job title of alleged perpetrator(s):

Entity of employment of alleged perpetrator(s):

Address / contact details of alleged perpetrator(s) (if known):

Physical Description of alleged perpetrator(s) / any other information relevant for identification:

Does the victim/survivor require urgent medical attention? yes ( ) no ( ) not known yet ( )

Has the victim/survivor been informed of available support services and treatments (n legal, protection/shelter, livelihood support, others)? yes ( ) no ( ) not kn

Has the victim/survivor given their informed consent to be referred to other entities for assistance: yes ( ) no ( ) - not yet ( )

Have the victim/survivor requested any form of assistance? If yes – list below

Has the victim/survivor contacted the police or any other protection services or do they require legal assistance to do so? yes ( ) no ( ) - not yet ( )

Has a safety assessment been conducted or have safety concerns been raised by the victim/survivor or the complainant (if different from the victim/survivor)?

What immediate safety measures have been taken?

Who is responsible for ensuring a safety plan for the victim/survivor is in place? (name, title, organization - if known)

Any other pertinent information provided (including contact made with other organisations, if any):

Details of referrals made by the person filling in the report and any other relevant comment:

**Report completed by:**

Name:

Position/Organisation:

Date/Time/Location:

Has the complainant or victim/survivor been informed about the outcome of the conversation and use of the information shared? yes ( ) no ( )

Have the complainant or victim/survivor been informed about the organisation's procedures for dealing with SEA complaints? yes ( ) no ( ) not yet ( )

Date when the report was forwarded to the concerned entity:

Confirmation of the receipt by the concerned entity :

Name Position Signature

**နောက်ဆက်တွဲ (ခ):**

**မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများမှ ပြဋ္ဌာန်းချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့် PSEA ဆိုင်ရာ မူဝါဒအခြေခံအချက်များအပေါ်မူတည်၍ ဆက်စပ်လျှက်ရှိသော ဥပဒေများကို အောက်တွင်ဖော်ပြထားပါသည်။

**(မှတ်ချက် - လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုခြင်းဆိုင်ရာမူဝါဒ တစ်ခုတည်းအတွက်သာ ပြဋ္ဌာန်းထားခြင်းမဟုတ်ပါ။)**

**(က) ရာဇသတ်ကြီးဥပဒေ**

- **ပုဒ်မ ၂၉၄ – ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသောသီချင်းများ**

(က) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ညစ်ညမ်းသောပြုလုပ်မှုတစ်ခုခုကို ပြုလျှင် (သို့မဟုတ်)

(ခ) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ၊ ညစ်ညမ်းသောသီချင်း၊ ကဗျာလင်္ကာ၊ စကားတစ်မျိုးမျိုးကို သီဆိုခြင်း၊ ရွတ်ဆိုခြင်း၊ ပြောဆိုခြင်း။

- **ပုဒ်မ ၃၅၄ – မိန်းမ၏ ကာယိန္ဒြေပျက်စီးစေရန် အကြံဖြင့်လက်ရောက်မှု သို့မဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက် ပြုမှု**

မည်သူမဆို မိန်းမတစ်ဦး၏ ကာယိန္ဒြေကိုပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေ ပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကို လက်ရောက်မှုကျူးလွန်လျှင် (သို့မဟုတ်) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း။

- **ပုဒ်မ ၃၇၅ - မုဒိမ်းမှု**

(၁)မိန်းမက အလိုမတူငြင်းဆန်ခြင်း၊ (၂)မိန်းမက ခွင့်မပြုခြင်း၊ (၃)မိန်းမက ခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း၊ (၄)မိန်းမက ခွင့်ပြုသော်လည်း ယောက်ျားက မိမိသည် ထိုမိန်းမ၏ လင်ယောကျာ်းမဟုတ်ကြောင်း သိသည့်ပြင်၊ ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော (သို့မဟုတ်) ထိုသို့လက်ထပ်ထားသည်ဟုယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟုယုံကြည်၍သာခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း၊ (၅)မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်ခြောက်နှစ်အောက်အရွယ်ရှိသူဖြစ်ခြင်း။

**(ရှင်းလင်းချက်။ ယောကျ်ား၏အင်္ဂါဇာတ်သည် မိန်းမ၏အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။)**

**(ကင်းလွတ်ချက်။ ယောကျ်ားသည် အသက်ဆယ့်ငါးနှစ်အောက်မဟုတ်သော မိမိ၏မယားနှင့်ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။)**

- **ပုဒ်မ ၃၇၆ – မုဒိမ်းမှု အတွက်ပြစ်ဒဏ်**

(၁) မည်သူမဆို ပုဒ်မခွဲ(၂)နှင့်(၃) တို့ပါ မုဒိမ်းမှုများမှတစ်ပါး မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ်နှစ် နှစ်ဆယ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(၂) မည်သူမဆို အသက်ဆယ့်နှစ်နှစ်အောက်မဟုတ်သော မိမိ၏မယားကို မုဒိမ်းမှုကျူးလွန်လျှင် နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(၃) မည်သူမဆို အသက်ဆယ့်နှစ်နှစ်အောက်အမျိုးသမီးကို မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ် တစ်သက်ဖြစ်စေ၊ ထောင်ဒဏ်နှစ် နှစ်ဆယ်ဖြစ်စေ ချမှတ်ရမည်။

- **ပုဒ်မ ၃၇၇**

ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မည်သူမဆို မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှု။

- **ပုဒ်မ ၅၀၉**

လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု။ ထို့အပြင် လူကုန်ကူးသန်းမှုဆိုင်ရာ ပြစ်မှုများကိုလည်း တားမြစ်ထားသည်။ မိန်းမ၏ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သော စကား သို့မဟုတ် ကိုယ်အမူအရာ (သို့မဟုတ်) ပြုလုပ်မှု။

မည်သူမဆို မိန်းမတစ်ဦးဦး၏ ကာယိန္ဒြေကိုစော်ကားရန် ကြံရွယ်၍ပြောဆိုခြင်းပြုသည်တွင် (သို့မဟုတ်) အသံပြုသည်တွင် သို့မဟုတ် ကိုယ်အမူအရာကို ပြသသည်တွင်(သို့မဟုတ်) အရာဝတ္ထုတစ်ခုခု ကိုပြသည်တွင် ပြောဆိုသော စကားကိုဖြစ်စေ၊ ပြုသောအသံကိုဖြစ်စေ ထိုမိန်းမအားကြားစေရန် ကြံရွယ်လျှင် (သို့မဟုတ်) ပြုသော ကိုယ်အမူအရာကိုဖြစ်စေ၊ ပြသောအရာဝတ္ထုကိုဖြစ်စေ ထိုမိန်းမအားမြင်စေရန်ကြံရွယ်လျှင် (သို့မဟုတ်) ထိုမိန်းမ၏ ကာယိန္ဒြေကို စော်ကားရန် ကြံရွယ်၍ ထိုမိန်းမ၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်ခြင်း။

**(ခ) ပြည့်တန်ဆာ တားဆီးရေး နှိပ်ကွပ်ရေး/ပပျောက်ရေးအက်ဥပဒေ (၃)**

မည်သူမဆို၊ ပြည်သူတို့နှင့်ဆိုင်သော လမ်း၌သော်လည်းကောင်း၊ ပြည်သူတို့နှင့်ဆိုင်သော နေရာ၌သော် လည်းကောင်း၊ ပြည်သူတို့ ဝင်ထွက်သွားရောက်မြဲနေရာ၌သော်လည်းကောင်း၊ ထိုလမ်းထိုနေရာတို့မှ မြင်သာကြား သာအောင်၊ အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ သို့တည်းမဟုတ် ကုန်းယာဉ်အတွင်းကသော်လည်းကောင်း၊ အပကသော်လည်းကောင်း၊

(က)ပြည့်တန်ဆာကိစ္စအလို့ငှါ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ ဟိရိသြတ္တပ္ပတရား ကင်းလျက်၊ မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အာရုံစွဲငြိစေလျှင်၊ သို့တည်းမဟုတ် အာရုံ စွဲငြိစေရန်အားထုတ်လျှင်၊ သို့တည်းမဟုတ်၊

(ခ)ပြည့်တန်ဆာကိစ္စအလို့ငှါ၊ တဦးတယောက်သောသူအား မြူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ သို့တည်းမဟုတ် အနီးအနားတွင် ရစ်ဝဲခြင်းပြုခြင်း။

**(ဂ) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ - ပုဒ်မ ၃ (ဂ)**

**"ခေါင်းပုံဖြတ်ခြင်း" ကို ပြစ်မှုအဖြစ် သတ်မှတ်ထားသည်။ ရှင်းလင်းချက် (၁) နှင့် (၂)**

ပြည့်တန်ဆာအဖြစ်အဓမ္မပြုလုပ်စေခြင်းဆိုသည်မှာ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာ အတွက်ဖြစ်စေ၊ အခြားအဖိုးစားနား တစ်ခုခုအတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကာမ စပ်ယှက်ရန် (သို့မဟုတ်) ကာမရာဂ ကိစ္စပြုလုပ်စေရန်အလို့ငှာ တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ကာမ ဆက်ဆံခြင်း (သို့မဟုတ်) အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်းကိုဆိုသည်။

အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စအဓမ္မပြုလုပ်စေခြင်းဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန်အလို့ငှာ ဖို/မ ဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုင်တွယ်ခြင်း၊ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ်ပြသခြင်းကိုသော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ညစ်ညမ်းသည့်ပုံပြသခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသ ခြင်း သို့မဟုတ် ခေတ်မီ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုသော်လည်းကောင်း ဆိုသည်။

**(ဃ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ**

**ပုဒ်မ (၃) [(ဓ) ခေါင်းပုံဖြတ်ခြင်း (Exploitation)]**

ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေး သူငယ်ကို ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စ ပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ ခိုင်းစေခြင်းကိုဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်း အား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံ ရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း။

**ပုဒ်မ (၃) [(ဘ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း]**

ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင် ဖြားယောင်းခြင်း၊ အဓမ္မတိုက် တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာပြုမူ လုပ်ဆောင်ခြင်း (သို့မဟုတ်) ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်။

(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်အတင်းအကြပ် ပြုလုပ်ခြင်း၊

(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန်အသုံးပြုခြင်း၊

(၃) အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ယက်များတွင် ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း၊

(၄) အတင်းအကြပ်လက်ထပ်ခြင်း (သို့မဟုတ်) လက်ထပ်စေခြင်း။

**ပုဒ်မ (၆၆) ။ ကလေးသူငယ်၏ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးသူငယ်များအပေါ် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူအား ပြစ်မှုကျူးလွန်သူဟု မှတ်ယူရမည်။**

(က) ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အကျိုးအမြတ်အတွက် ကလေးသူငယ်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို လွှဲပြောင်းခြင်း သို့မဟုတ်ကလေးသူငယ်ကို အဓမ္မ အလုပ်ခိုင်းစေခြင်း၊ ထိုသို့ခိုင်းစေရန်အလို့ငှာ ရောင်းချခြင်း၊ ကမ်းလှမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း။

(ခ) ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ခိုင်းစေရန်အလို့ငှာ ကမ်းလှမ်းခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း (သို့မဟုတ်) ထောက်ပံ့ခြင်း၊

(ဂ) ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း (သို့မဟုတ်) ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း (သို့မဟုတ်) ပြည်ပသို့တင်ပို့ခြင်း။

Visit Our Website
**braveheartfoundation.net**

Visit Our Facebook
**braveheartmyanmar**

Visit Our YouTube
**Braveheart Foundation**